# Information Sheet



VOLUME I, ISSUE 39 18 April 2022


| ★ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁ | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှသည် ပြင်ဦးလွင်တပ်နယ်ရှိ မိသားစုရေသဘင်မဏ္ဍပ်များသို့ သွားရောက်ကြည့်ရှုအားပေး | ၁ |
| ၂ | မြန်မာသက္ကရာဇ် ၁၃၈၄ ခုနှစ်၊ နှစ်သစ်ကူးအခါသမယတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပြောကြားသည့် မြန်မာနှစ်သစ်ကူး နှုတ်ခွန်းဆက် မင်္ဂလာစကား | ၆ |
| ၃ | ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များ ချီးမြှင့်အပ်နှင်း | ၈ |
| ၄ | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ မြန်မာ့ရိုးရာအတာသင်္ကြန်ပွဲတော် ရေကစားမဏ္ဍပ်များသို့ ကြည့်ရှုအားပေး | ၉ |
| ၅ | တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ အကျဉ်းထောင်/အချုပ်ထောင်စခန်းအသီးသီးမှ အကျဉ်းကျခံနေရသူများအား ပြစ်ဒဏ်လွတ်ငြိမ်းသက်သာခွင့်ပြု | ၁၄ |
| ၆ | အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာန၏ လူ့အခွင့်အရေးအစီရင်ခံစာကို မြန်မာနိုင်ငံက ပယ်ချ | ၁၆ |
| ၇ | လူစုဝေးခြင်းအတွက် ကန့်သတ်ချက်အမိန့်အား ဧပြီ ၁၇ ရက်မှ စတင်၍ ပယ်ဖျက် | ၁၇ |

| ★ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၈ | ပြည်ထောင်စုဝန်ကြီးဌာနများအလိုက် ရေကစားမဏ္ဍပ်များ၌ ရေသဘင်ပွဲတော်ကို<br>ဌာနဆိုင်ရာဝန်ထမ်းမိသားစုများနှင့်အတူ ပြည်သူများ ပျော်ရွှင်စွာဆင်နွှဲ | ၁၉ |
| ၉ | ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ရှိ နိုင်ငံခြားသံရုံးများမှ သံရုံးမိသားစုဝင်များနှင့်<br>သံတမန်မိသားစုများ မြန်မာ့ရိုးရာအတာရေသဘင်ပွဲ ပျော်ရွှင်စွာလာရောက်ဆင်နွှဲ | ၂၂ |
| ၁၀ | တိုင်းစစ်ဌာနချုပ်အသီးသီးရှိ ရေကစားမဏ္ဍပ်များ၌ မြန်မာ့ရိုးရာ<br>အတာသင်္ကြန်ပွဲတော်အား ပျော်ရွှင်စွာဆင်နွှဲ | ၂၄ |
| ၁၁ | မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော်ကာလတွင် နိုင်ငံတစ်ဝန်းရှိ ပြည်သူများက<br>ပျော်ရွှင်စွာရေဆော့ကစား | ၂၆ |
| ၁၂ | မဟာသင်္ကြန်ပွဲတော်ကာလများတွင် အပန်းဖြေစခန်းများ၌<br>လာရောက်အပန်းဖြေသူများဖြင့် စည်ကားလျက်ရှိ | ၃၀ |
| ၁၃ | မြန်မာ့နှစ်ဆန်းတစ်ရက်နေ့တွင် နိုင်ငံတစ်ဝန်း ကုသိုလ်ကောင်းမှုပြုသူများဖြင့်<br>စည်ကား | ၃၃ |
| ၁၄ | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံးအပါအဝင် တိုင်းနှင့်ပြည်နယ်တို့တွင်<br>မြန်မာ့နှစ်သစ်ကူး အန္တရာယ်ကင်း ပရိတ်တရားတော်နာယူပွဲ အခမ်းအနားကျင်းပ | ၃၆ |
| ၁၅ | မန္တလေးမြို့ ရတနာပုံဥယျာဉ်ဖွင့်ပွဲအခမ်းအနားကျင်းပ | ၃၇ |
| ၁၆ | ကိုဗစ်-၁၉ ရောဂါကြောင့် ရပ်ရှင်ပြသမှု ရပ်နားခဲ့ရသော ရုပ်ရှင်ရုံများ<br>ပြန်လည်ဖွင့်လှစ်ပြသ | ၃၉ |
| ၁၇ | PDF  အကြမ်းဖက်အဖွဲ့က ကျောင်းထိုင်ဆရာတော် ၁ ပါးနှင့်<br>ဒုလ္လဘရဟန်း ၂ ပါးအား သေနတ်များဖြင့် ရက်စက်စွာ ပစ်ခတ်သတ်ဖြတ် | ၄၀ |
| ၁၈ | လေးကော့ကော်မြို့သစ်အတွင်း PDF  အကြမ်းဖက်ပူးပေါင်းအဖွဲ့များ ခိုအောင်းနေထိုင်<br>လျက်ရှိသဖြင့် တပ်မတော်စစ်ကြောင်းများက သွားရောက်၍ လိုအပ်သည့်<br>လုံခြုံရေးလုပ်ငန်းများဆောင်ရွက် | ၄၁ |
| ၁၉ | သင်္ကြန်ကာလအတွင်း ရန်ကုန်မြို့၌ ဖောက်ခွဲဖျက်ဆီးရေးလုပ်ငန်းများ<br>ဆောင်ရွက်မည့် အကြမ်းဖက်အဖွဲ့ဝင်များအား လက်နက်/ခဲယမ်းများနှင့်အတူ<br>ဖမ်းဆီးရမိ | ၄၃ |
| ၂၀ | အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏<br>လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊<br>အကြမ်းဖက်လုပ်ရပ်များ အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများအား<br>ဆက်လက်ဖော်ထုတ်အရေးယူ | ၄၇ |

# Information Sheet

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှသည် ပြင်ဦးလွင်တပ်နယ်ရှိ မိသားစုရေသဘင်မဏ္ဍပ်များသို့ သွားရောက်ကြည့်ရှုအားပေး




**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီးတို့က စစ်တက္ကသိုလ်မိသားစု အတာရေသဘင်မဏ္ဍပ်၌ ယိမ်းအဖွဲ့များ၏ သီဆိုဖျော်ဖြေမှုများကို ကြည့်ရှုအားပေးနေမှု**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့သည် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော်အရာရှိကြီးများ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့် အဖွဲ့ဝင်များလိုက်ပါ၍ မြန်မာရိုးရာအတာသင်္ကြန်ပွဲတော်ကာလအတွင်း ပြင်ဦးလွင်တပ်နယ်ရှိ သင်တန်းကျောင်းများ၊ တပ်ရင်းတပ်ဖွဲ့များ၊ မိသားစုရေသဘင်မဏ္ဍပ်များ၌ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ သင်တန်းသားအရာရှိများနှင့် ဗိုလ်လောင်းများ၏ ပျော်ရွှင်စွာ ရေသဘင်ပွဲတော်ဆင်နွှဲနေမှုများကို သွားရောက်ကြည့်ရှုအားပေးခဲ့ပါသည်။

- သင်္ကြန်အကျနေ့ဖြစ်သည့် ဧပြီလ ၁၄ ရက်တွင် စစ်တက္ကသိုလ်မိသားစုအတာရေသဘင်မဏ္ဍပ်နှင့် တပ်မတော်နည်းပညာတက္ကသိုလ်မိသားစု အတာရေသဘင်မဏ္ဍပ်တို့သို့လည်းကောင်း။
- အကြတ်နေ့ဖြစ်သည့် ဧပြီလ ၁၅ ရက်တွင် ပြင်ဦးလွင်တပ်နယ်ရှိ တပ်မတော်အုပ်ချုပ်မှုကျောင်း မိသားစုအတာရေသဘင်မဏ္ဍပ်နှင့် တပ်မတော်ဆက်သွယ်ရေးနှင့် အီလက်ထရောနစ်ကျောင်း၊ ပြင်ဦးလွင်တပ်မတော်ဆေးရုံ၊ တပ်မတော်အင်ဂျင်နီယာကျောင်းတို့ရှိ မိသားစုအတာရေသဘင်မဏ္ဍပ်များနှင့် ခါတော်မီ မိသားစု အတာရေသဘင်မဏ္ဍပ်တို့သို့လည်းကောင်း။
- မဟာအတာသင်္ကြန်အတက်နေ့ဖြစ်သည့် ဧပြီလ ၁၆ ရက်တွင် ပြင်ဦးလွင်တပ်နယ်ရှိ တပ်မတော်လျှပ်စစ်နှင့်စက်မှုအင်ဂျင်နီယာကျောင်း မိသားစု အတာရေသဘင်မဏ္ဍပ်နှင့် စစ်တက္ကသိုလ်မိသားစု အတာရေသဘင်မဏ္ဍပ်တို့သို့လည်းကောင်း သွားရောက်ကြည့်ရှုအားပေးခဲ့။
- မိသားစုအတာရေသဘင်မဏ္ဍပ်များ၌ သင်္ကြန်ယိမ်းအကအဖွဲ့များ၏ သီဆိုကပြဖျော်ဖြေမှုများ၊ အရာရှိ၊ စစ်သည်၊ မိသားစုများ၏ တေးသီချင်းများဖြင့် သီဆိုဖျော်ဖြေမှုများ၊ ဗိုလ်လောင်းများ၏ တေးသီချင်းများဖြင့် သီဆိုဖျော်ဖြေမှုများ၊ တေးသံရှင်များ၏ သီဆိုဖျော်ဖြေမှုများနှင့် အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ ပျော်ရွှင်စွာ ရေသဘင်ပွဲတော်ဆင်နွှဲနေမှုများကို ကြည့်ရှုအားပေးပြီးနောက် အရာရှိ၊ စစ်သည် မိသားစုဝင်များနှင့် ဗိုလ်လောင်းများအား အတာရေမုန့် ပက်ဖျန်းပေးခဲ့။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှသည် ပြင်ဦးလွင်တပ်နယ်ရှိ မိသားစုရေသဘင်မဏ္ဍပ်များသို့ သွားရောက်ကြည့်ရှုအားပေးခဲ့သည့် မှတ်တမ်းဓာတ်ပုံများ









နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ဇနီးနှင့် အဖွဲ့ဝင်များသည် မိသားစုရေသဘင်မဏ္ဍပ်များ၌ သီဆိုကပြဖျော်ဖြေခဲ့ကြသည့် ယိမ်းအဖွဲ့များနှင့် အရာရှိ၊ စစ်သည်မိသားစုများအား ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ခဲ့ပြီး အတာရေသဘင်ပွဲတော်ကို အရာရှိ၊ စစ်သည်၊ မိသားစုများနှင့်အတူ ပျော်ရွှင်စွာ ဆင်နွှဲခဲ့ကြောင်းသိရှိရပါသည်။

**(ကြေးမုံသတင်းစာ ၁၇-၄-၂၀၂၂)**

- **နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၊ ဇနီးနှင့်အဖွဲ့ဝင်များသည် အတာသင်္ကြန်ပွဲတော်ကာလအတွင်း ပြင်ဦးလွင်တပ်နယ်ရှိ သင်တန်းကျောင်းများ၊ တပ်ရင်းတပ်ဖွဲ့များ၊ မိသားစုရေသဘင် မဏ္ဍပ်များ၌ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ သင်တန်းသားအရာရှိများနှင့် ဗိုလ်လောင်းများ၏ ပျော်ရွှင်စွာရေသဘင်ပွဲတော် ဆင်နွှဲနေမှုများကို သွားရောက်ကြည့်ရှုအားပေးခဲ့။**
- **တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၊ ဇနီးနှင့်အဖွဲ့ဝင်များသည် မိသားစုရေသဘင်မဏ္ဍပ်များ၌ သီဆိုကပြဖျော်ဖြေခဲ့ကြသည့် ယိမ်းအဖွဲ့များနှင့် အရာရှိ၊ စစ်သည် မိသားစုများအား ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ခဲ့ပြီး အတာရေသဘင်ပွဲတော်ကို အရာရှိ၊ စစ်သည်၊ မိသားစုများနှင့်အတူ ပျော်ရွှင်စွာဆင်နွှဲခဲ့။**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှသည် ပြင်ဦးလွင်တပ်နယ်ရှိ မိသားစုရေသဘင်မဏ္ဍပ်များသို့ သွားရောက်ကြည့်ရှုအားပေးခဲ့သည့် မှတ်တမ်းဓာတ်ပုံများ











**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှသည် ပြင်ဦးလွင်တပ်နယ်ရှိ မိသားစုရေသဘင်မဏ္ဍပ်များသို့ သွားရောက်ကြည့်ရှုအားပေးခဲ့သည့် မှတ်တမ်းဓာတ်ပုံများ**












## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှသည် ပြင်ဦးလွင်တပ်နယ်ရှိ မိသားစုရေသဘင်မဏ္ဍပ်များသို့ သွားရောက်ကြည့်ရှုအားပေးခဲ့သည့် မှတ်တမ်းဓာတ်ပုံများ











## မြန်မာသက္ကရာဇ် ၁၃၈၄ ခုနှစ်၊ နှစ်သစ်ကူးအခါသမယတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပြောကြားသည့် မြန်မာနှစ်သစ်ကူး နှုတ်ခွန်းဆက် မင်္ဂလာစကား



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ၁၃၈၄ ခုနှစ်၊ နှစ်သစ်ကူးအခါသမယတွင် မိမိတို့ ဖြတ်သန်းလာခဲ့ရသည့် နှစ်ဟောင်းများက အားနည်းချက်တွေကိုပြုပြင်၊ အားသာချက်တွေကို ဆင်ခြင်သုံးသပ်မြှင့်တင်ပြီး နိုင်ငံတော်နှင့် နိုင်ငံသားတို့အတွက် ပေးဆပ်သယ်ပိုးဆောင်ရွက်သွားမည်ဖြစ်ကြောင်းဖြင့် မြန်မာနှစ်သစ်ကူး နှုတ်ခွန်းဆက်မင်္ဂလာစကား ပြောကြားခဲ့ပါသည်။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ မြန်မာနှစ်သစ်ကူး နှုတ်ခွန်းဆက်မင်္ဂလာစကား

**(မြန်မာသက္ကရာဇ် ၁၃၈၄ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၂ ရက်၊ မြန်မာနှစ်ဆန်း ၁ ရက်နေ့)**

**(၂၀၂၂ ခုနှစ် ၊ ဧပြီလ ၁၇ ရက်)**

နှစ်ဟောင်းကနေ နှစ်သစ်ကိုကူးတဲ့ ဒီလိုအချိန်ခါမှာ ပြည်ထောင်စုအတွင်းမှာရှိတဲ့ တိုင်းရင်းသား ပြည်သူညီအစ်ကို မောင်နှမများအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေ၊ ကောင်းကျိုးလိုအင်ဆန္ဒများ ပြည့်ဝကြပါစေလို့ ဆုမွန်ကောင်းတောင်းအပ်ပါတယ်ခင်ဗျား။

ဖြတ်သန်းခဲ့တဲ့ တစ်နှစ်တာကာလအတွင်း ပြန်ကြည့်မယ်ဆိုရင် ကိုဗစ်-၁၉ ကပ် ရောဂါ ဖြစ်ပွားလာခဲ့တဲ့ စိန်ခေါ်မှု အခက်အခဲတွေ၊ ပါတီစုံဒီမိုကရေစီလျှောက်လှမ်းမှုမှာ ရိုးသားတဲ့ ဒီမိုကရေစီအစား ရည်ရွယ်ချက်ရှိရှိ ဖောက်ဖျက်ကျူးလွန်မှုတွေကြောင့် ဖြစ်ပေါ်လာတဲ့ နိုင်ငံရေးအကြပ်အတည်းများကို ကျော်ဖြတ်ခဲ့ရပါတယ်။

ကိုဗစ်-၁၉ ကပ်ရောဂါကို မိဘပြည်သူတွေနဲ့ပူးပေါင်းပြီး ကျွန်တော်တို့ ကျော်လွှားနိုင်လိမ့်မယ်လို့ ကျွန်တော်ယုံကြည်ကြောင်း မနှစ်က နှစ်သစ်ကူးဆုတောင်းစကားမှာ ထည့်ပြောခဲ့ပါတယ်။ ၂၀၂၁ ခုနှစ်ဟာ ကျွန်တော်တို့နိုင်ငံအတွက် ကိုဗစ်-၁၉ ကပ်ရောဂါ ဖြစ်ပွားမှု အဆိုးရွားဆုံးဖြစ်ပွားခဲ့ရပြီး အခက်အခဲပေါင်းများစွာအတွင်းကနေ ကျော်လွှားနိုင်ခဲ့ပါပြီ။ သို့သော်လည်း

အိမ်နီးချင်းနိုင်ငံများအပါအဝင် ကမ္ဘာ့နိုင်ငံအသီးသီးမှာ ဖြစ်ပွားမှုနှုန်းမြင့်မားနေဆဲဖြစ်ပြီး ကမ္ဘာမှာလုံးဝကင်းစင်ပြီလို့ မပြောနိုင်သေးတဲ့အတွက် ကျွန်တော်တို့တတွေ ကိုဗစ်-၁၉ ကပ်ရောဂါကာကွယ်ရေးအတွက် လိုက်နာရမယ့် စည်းမျဉ်းစည်းကမ်းများ အပြည့်အဝ လိုက်နာမှုလိုအပ်ပါကြောင်း ပြောလိုပါတယ်။

ဒီနှစ်ဟာ စိန်ရတု လွတ်လပ်ရေးနေ့ရဲ့ အကြိုနှစ်ဖြစ်ပါတယ်။ ဒါကြောင့် လွတ်လပ်ရေးရဲ့အသီးအပွင့်များ၊ ဒီမိုကရေစီအုပ်ချုပ်ရေးရဲ့ အနှစ်သာရများ အပြည့်အဝ ခံစားရစေဖို့ ကျွန်တော်တို့အားလုံး အစွမ်းကုန်ကြိုးစားကြရပါဦးမယ်။ ဒါကြောင့် ဒီနှစ်ကို ငြိမ်းချမ်းရေးနှစ်လို့ သတ်မှတ်ပြီး တစ်နိုင်ငံလုံး ငြိမ်းချမ်းသာယာမှုရှိစေရေး အစွမ်းကုန် ကြိုးစားနေပါတယ်။

ကျွန်တော့်ရဲ့ အမျိုးသားရေး ရည်မှန်းချက် ၂ ခုရှိပါတယ်။

၁။ နိုင်ငံတော်ကြီး သာယာဝပြောရေး

၂။ တိုင်းပြည် စားရေရိက္ခာပေါများရေး တို့ဖြစ်ပါတယ်။

ပြည်ထောင်စုကြီးတစ်ခုလုံး အေးချမ်းသာယာစွာနဲ့ လူတိုင်းလူတိုင်း ကိုယ်စိတ်ချမ်းသာစွာနဲ့ လုပ်ကိုင်စားသောက်နိုင်ပြီး နိုင်ငံတကာနဲ့ ရင်ဘောင်တန်းနိုင်ရပါမယ်။

မြေပေါ်မြေအောက် သဘာဝအရင်းအမြစ်များအသုံးချပြီး တိုင်းသူပြည်သားအားလုံးအတွက် စားရေရိက္ခာ မပူမပင်မကြောင့်မကြ ပြည့်စုံနေအောင် ဆောင်ရွက်ရေးပဲဖြစ်ပါတယ်။

တိုင်းပြည်ရဲ့အားဟာ ပြည်တွင်းမှာပဲရှိပါတယ်။ ပြည်သူလူထုရဲ့ စွမ်းအားနဲ့ အကောင်းဆုံးဖြစ်အောင် ကျွန်တော်ကြိုးစားသွားပါမယ်။ အောင်မြင်မယ်လို့လည်း အပြည့်အဝ ယုံကြည်ပါတယ်။

ယခုလို ၁၃၈၄ ခုနှစ် ကျက်သရေမင်္ဂလာရှိတဲ့ နှစ်သစ်ဦးအချိန်ကာလသမယမှာ ကျွန်တော်တို့ ဖြတ်သန်းလာခဲ့ရတဲ့ နှစ်ဟောင်းတွေက အားနည်းချက်တွေကို ပြုပြင်၊ အားသာချက်တွေကို ဆင်ခြင်သုံးသပ်မြှင့်တင်ပြီး နိုင်ငံတော်နဲ့ နိုင်ငံသားတို့အတွက် ပေးဆပ်သယ်ပိုးဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

ပြည်ထောင်စုဖွားတိုင်းရင်းသား ညီအစ်ကိုမောင်နှမများအားလုံး ကျန်းမာရွှင်လန်းစွာဖြင့် ဒီနှစ်သစ်မှာ ကျွန်တော်တို့နဲ့အတူ ပြည်ထောင်စုအကျိုးကို လက်တွဲဆောင်ရွက်နိုင်ကြပါစေလို့ ဆုတောင်းလိုက်ရပါတယ်။

အားလုံး ကျန်းမာရွှင်လန်းကြပါစေ ခင်ဗျာ။

**(မြန်မာ့အလင်းသတင်းစာ ၁၈-၄-၂၀၂၂)**

- **၂၀၂၂ ခုနှစ်သည် စိန်ရတုလွတ်လပ်ရေးနေ့၏ အကြိုနှစ်ဖြစ်သောကြောင့် လွတ်လပ်ရေး၏ အသီးအပွင့်များ၊ ဒီမိုကရေစီအုပ်ချုပ်ရေး၏ အနှစ်သာရများ အပြည့်အဝခံစားရစေရန် မိမိတို့အားလုံး အစွမ်းကုန်ကြိုးစားကြရမည်ဖြစ်။**
- **တိုင်းပြည်၏အားသည် ပြည်တွင်း၌ပင်ရှိ၍ ပြည်သူလူထု၏ စွမ်းအားဖြင့် အကောင်းဆုံးဖြစ်အောင် မိမိတို့ကြိုးစားသွားမည်ဖြစ်ပြီး အောင်မြင်မည်ဟုလည်း အပြည့်အဝယုံကြည်။**
- **အမျိုးသားရေး ရည်မှန်းချက် ၂ ခုဖြစ်သည့် နိုင်ငံတော်ကြီး သာယာဝပြောရေးအနေဖြင့် ပြည်ထောင်စုကြီးတစ်ခုလုံး အေးချမ်းသာယာစွာဖြင့် လူတိုင်းလူတိုင်း ကိုယ်စိတ်ချမ်းသာစွာ လုပ်ကိုင်စားသောက်နိုင်ပြီး နိုင်ငံတကာနှင့် ရင်ဘောင်တန်းနိုင်ရမည်၊ တိုင်းပြည်စားရေရိက္ခာပေါများရေးအနေဖြင့် မြေပေါ်မြေအောက် သဘာဝအရင်းအမြစ်များ အသုံးချပြီး တိုင်းသူပြည်သားအားလုံးအတွက် စားရေရိက္ခာ မပူမပင်မကြောင့်မကြ ပြည့်စုံနေအောင် ဆောင်ရွက်ရေးတို့ဖြစ်။**

# ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များ ချီးမြှင့်အပ်နှင်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

အမိန့်ကြော်ငြာစာအမှတ် ၆၃ / ၂၀၂၂

၁၃၈၄ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၂ ရက်

( ၂၀၂၂ ခုနှစ်၊ ဧပြီလ ၁၇ ရက် )

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် လွတ်လပ်ရေးရပြီး (၇၅)နှစ်တာကာလအတွင်း နိုင်ငံတော်နှင့် နိုင်ငံသားများ ကောင်းကျိုးကို ထူးချွန်ပြောင်မြောက်စွာ တာဝန်ထမ်းဆောင်နိုင်မှုများအတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက အောက်ဖော်ပြပါပုဂ္ဂိုလ်များအား ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များကို ချီးမြှင့်အပ်နှင်းလိုက်သည် -

**သုဓမ္မသင်္ဂဟဘွဲ့များ**

**အဂ္ဂမဟာသီရိသုဓမ္မဘွဲ့**

| | | |
|---|---|---|
| ၁။ | ဦးနု | နိုင်ငံတော်ဝန်ကြီးချုပ် |
| ၂။ | ဦးစန်းယု | နိုင်ငံတော်သမ္မတ |
| ၃။ | ဗိုလ်ချုပ်မှူးကြီးစောမောင် | နိုင်ငံတော်ဝန်ကြီးချုပ် |

**သတိုးသီရိသုဓမ္မဘွဲ့**

| | | |
|---|---|---|
| ၁။ | ဦးမြင့်ဆွေ | ယာယီသမ္မတ |
| ၂။ | ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် | နိုင်ငံတော်ဝန်ကြီးချုပ် |

**ပြည်ထောင်စုစည်သူသင်္ဂဟဘွဲ့များ**

**အဂ္ဂမဟာသရေစည်သူဘွဲ့**

| | | |
|---|---|---|
| ၁။ | ဦးနု | နိုင်ငံတော်ဝန်ကြီးချုပ် |
| ၂။ | ဦးနေဝင်း | နိုင်ငံတော်ဝန်ကြီးချုပ် |
| ၃။ | ဦးစန်းယု | နိုင်ငံတော်သမ္မတ |
| ၄။ | ဗိုလ်ချုပ်မှူးကြီးစောမောင် | နိုင်ငံတော်ဝန်ကြီးချုပ် |
| ၅။ | ဗိုလ်ချုပ်မှူးကြီးသန်းရွှေ | နိုင်ငံတော်ဝန်ကြီးချုပ် |

**သတိုးမဟာသရေစည်သူဘွဲ့**

| | | |
|---|---|---|
| ၁။ | ဦးစိန်ဝင်း | နိုင်ငံတော်ဝန်ကြီးချုပ် |
| ၂။ | ဦးမောင်မောင်ခ | နိုင်ငံတော်ဝန်ကြီးချုပ် |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ အမိန့်ကြော်ငြာစာအမှတ် ၆၃/၂၀၂၂ ဖြင့် ဧပြီလ ၁၇ ရက် မြန်မာနှစ်ဆန်းတစ်ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်လွတ်လပ်ရေးရပြီး (၇၅) နှစ်တာကာလအတွင်း နိုင်ငံတော်နှင့် နိုင်ငံသားများ ကောင်းကျိုးကို ထူးချွန်ပြောင်မြောက်စွာ တာဝန်ထမ်းဆောင်ခဲ့သည့် ပုဂ္ဂိုလ်များအား ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များ ချီးမြှင့်အပ်နှင်းခဲ့ပါသည်။

- သုဓမ္မသင်္ဂဟဘွဲ့များအနက် အဂ္ဂမဟာသီရိသုဓမ္မဘွဲ့ရရှိသူ ၃ ဦး၊ သတိုးသီရိ သုဓမ္မဘွဲ့ ၂ ဦး။
- ပြည်ထောင်စုစည်သူသင်္ဂဟဘွဲ့များအနက် အဂ္ဂမဟာသရေစည်သူဘွဲ့ ၅ ဦး၊ သတိုးမဟာသရေစည်သူဘွဲ့ ၅ ဦး၊ မဟာသရေစည်သူဘွဲ့ ၄ ဦး၊ သရေစည်သူဘွဲ့ ၁၁ ဦး၊ စည်သူဘွဲ့ ၁၀ ဦး။
- စွမ်းဆောင်မှုဆိုင်ရာဂုဏ်ထူးဆောင်ဘွဲ့များအနက် ဇေယျကျော်ထင်ဘွဲ့ ၃၆ ဦး၊ ဝဏ္ဏကျော်ထင်ဘွဲ့ ၂၅ ဦး၊ အလင်္ကာကျော်စွာဘွဲ့ ၈ ဦး။
- စွမ်းဆောင်မှုဆိုင်ရာ ဂုဏ်ထူးဆောင်တံဆိပ်များအနက် လူမှုထူးချွန်တံဆိပ်(ပထမအဆင့်) ၁ ဦး၊ လူမှုထူးချွန်တံဆိပ် (ဒုတိယအဆင့်) ၁ ဦး။

- ပညာရပ်ဆိုင်ရာထူးချွန်တံဆိပ်များအနက် အနုပညာထူးချွန်တံဆိပ်(ပထမအဆင့်) ၂၁ ဦး၊ အနုပညာထူးချွန်တံဆိပ် (ဒုတိယအဆင့်) ၁၁ ဦး၊ အနုပညာထူးချွန်တံဆိပ် (တတိယအဆင့်) ၃ ဦး။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ အမိန့်ကြော်ငြာစာအမှတ် ၆၃/၂၀၂၂ ဖြင့် ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များ ချီးမြှင့်အပ်နှင်းခံရသူ စုစုပေါင်း ၁၄၆ ဦး ရှိကြောင်း သိရှိရပါသည်။

**(ကြေးမုံသတင်းစာ ၁၈-၄-၂၀၂၂)**

- **ဧပြီလ ၁၇ ရက် မြန်မာနှစ်ဆန်းတစ်ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် လွတ်လပ်ရေးရပြီး (၇၅) နှစ်တာကာလအတွင်း နိုင်ငံတော်နှင့် နိုင်ငံသားများကောင်းကျိုးကို ထူးချွန်ပြောင်မြောက်စွာ တာဝန်ထမ်းဆောင်ခဲ့သည့် ပုဂ္ဂိုလ် ၁၄၆ ဦးအား ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များ ချီးမြှင့်အပ်နှင်းခဲ့။**

---

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ မြန်မာ့ရိုးရာအတာသင်္ကြန်ပွဲတော် ရေကစားမဏ္ဍပ်များသို့ ကြည့်ရှုအားပေး



**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ) မိသားစုရေကစားမဏ္ဍပ်အား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးနေမှု**

မြန်မာသက္ကရာဇ် ၁၃၈၃ ခုနှစ်၊ မြန်မာ့ရိုးရာနှစ်သစ်ကူး မဟာသင်္ကြန်ပွဲတော်ကို နေပြည်တော်ကောင်စီနယ်မြေအတွင်း၌ စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်ခဲ့ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း တက်ရောက်ကြည့်ရှုအားပေးခဲ့ပါသည်။

- ဧပြီလ ၁၃ ရက် မဟာသင်္ကြန်အကြိုနေ့တွင် မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း၊ ရေ၊ လေ) မိသားစု ရေကစားမဏ္ဍပ်ဖွင့်ပွဲ အခမ်းအနားကို နေပြည်တော်ရှိ ဇေယျာသီရိဂေါက်ကွင်း၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့။



**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ) မိသားစုရေကစားမဏ္ဍပ်၌ ယိမ်းအဖွဲ့များ ကပြဖျော်ဖြေနေမှုအား ကြည့်ရှုအားပေးနေမှု**

- ဧပြီလ ၁၄ ရက် မဟာသင်္ကြန်အကျနေ့တွင် နေပြည်တော် ဇေယျာသီရိရှိ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ) မိသားစုရေကစားမဏ္ဍပ်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) ဝန်းအတွင်းရှိ စိန်ပန်းရေကစားမဏ္ဍပ်၊ မကျည်းရိပ်ရေကစား မဏ္ဍပ်များသို့ တက်ရောက်ကြည့်ရှုအားပေးခဲ့ပြီး စစ်သည် မိသားစုများနှင့် အတူသင်္ကြန်ရေကစားခဲ့။

- ဧပြီလ ၁၅ ရက် မဟာသင်္ကြန်အကြတ်နေ့တွင် ကာကွယ် ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ)မိသားစု ရေကစားမဏ္ဍပ်၊ နေပြည်တော် မြို့တော်ဝန်မဟာသင်္ကြန်မဏ္ဍပ်နှင့် ပြည်ထဲ ရေးဝန်ကြီးဌာန မိသားစုသင်္ကြန်မဏ္ဍပ်များသို့ သွားရောက် ကြည့်ရှုအားပေးခဲ့ပြီး ဧည့်ပရိသတ်များကို အောင်သပြေခက် ဖြင့် အတာရေပက်ဖျန်းပေးခဲ့။

- ဧပြီလ ၁၆ ရက် မဟာသင်္ကြန်အတက်နေ့ နေ့လယ်ပိုင်း တွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ)မိသားစု ရေကစားမဏ္ဍပ် ပိတ်ပွဲအခမ်းအနားသို့ တက်ရောက်ပိတ် သိမ်းပေးခဲ့ပြီးနောက် နေပြည်တော်တိုင်းစစ်ဌာနချုပ်၊ မိသားစုသင်္ကြန်ရေကစားမဏ္ဍပ်သို့ သွားရောက်၍ အရာရှိ၊ စစ်သည်၊ မိသားစုများနှင့်အတူ ရေသဘင်ပွဲအား ပျော်ရွှင်စွာ အတူဆင်နွှဲခဲ့ပါသည်။

အဆိုပါ ရေကစားမဏ္ဍပ်များတွင် မဟာသင်္ကြန်အကြို နေ့မှ အတက်နေ့အထိ စတုဒီသာများတည်ခင်းဧည့်ခံကျွေး မွေး၍ စည်ကားသိုက်မြိုက်စွာကျင်းပခဲ့ပြီး နိုင်ငံကျော်အနုပညာ ရှင်များနှင့် တေးသံရှင်များ၊ သင်္ကြန်ယိမ်းအကအဖွဲ့များက တေး သီချင်းများ၊ ယိမ်းအကများဖြင့် သီဆိုကပြဖျော်ဖြေခဲ့ကြကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌက သီဆိုကပြ ဖျော်ဖြေကြသည့် အနုပညာရှင်များနှင့် ယိမ်းအဖွဲ့များအား ဂုဏ် ပြုလက်ဆောင်နှင့် ဆုငွေများချီးမြှင့်ပေးအပ်ခဲ့ပြီး သင်္ကြန်ချစ် သူပြည်သူများနှင့်အတူ အတာရေသဘင်ပွဲတော်အား အေးချမ်း ပျော်ရွှင်စွာ ဆင်နွှဲခဲ့ကြောင်း သိရှိရပါသည်။

**(ကြေးမုံသတင်းစာ ၁၇-၄-၂၀၂၂)**

- **မြန်မာ့ရိုးရာနှစ်သစ်ကူး မဟာသင်္ကြန်ပွဲတော်ကို နေပြည်တော်ကောင်စီနယ်မြေအတွင်း၌ စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်ခဲ့ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌက တက်ရောက်ကြည့်ရှုအားပေးခဲ့။**

- **ရေကစားမဏ္ဍပ်များတွင် မဟာသင်္ကြန်အကြိုနေ့မှ အတက်နေ့အထိ စတုဒီသာများ တည်ခင်းဧည့်ခံကျွေးမွေး၍ စည်ကားသိုက်မြိုက်စွာကျင်းပခဲ့ပြီး နိုင်ငံကျော်အနုပညာရှင်များနှင့် တေးသံရှင်များ၊ သင်္ကြန်ယိမ်းအကအဖွဲ့များက တေးသီချင်းများ၊ ယိမ်းအကများဖြင့် သီဆိုကပြဖျော်ဖြေခဲ့ကြကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယ ဥက္ကဋ္ဌက သီဆိုကပြဖျော်ဖြေကြသည့် အနုပညာရှင်များနှင့် ယိမ်းအဖွဲ့များအား ဂုဏ်ပြုလက်ဆောင်နှင့် ဆုငွေများ ချီးမြှင့်ပေးအပ်ခဲ့ပြီး သင်္ကြန်ချစ်သူပြည်သူများနှင့်အတူ အတာရေသဘင်ပွဲတော်အား အေးချမ်းပျော်ရွှင်စွာ ဆင်နွှဲခဲ့။**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်က နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ မြန်မာ့ရိုးရာအတာသင်္ကြန်ပွဲတော် ရေကစားမဏ္ဍပ်များသို့ မဟာသင်္ကြန်အကျနေ့တွင် ကြည့်ရှုအားပေးခဲ့သည့် မှတ်တမ်းဓာတ်ပုံများ











**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်က နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ မြန်မာ့ရိုးရာအတာသင်္ကြန်ပွဲတော် ရေကစားမဏ္ဍပ်များသို့ မဟာသင်္ကြန်အကြတ်နေ့တွင် ကြည့်ရှုအားပေးခဲ့သည့် မှတ်တမ်းဓာတ်ပုံများ**











### နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်က နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ မြန်မာ့ရိုးရာအတာသင်္ကြန်ပွဲတော် ရေကစားမဏ္ဍပ်များသို့ မဟာသင်္ကြန်အတက်နေ့တွင် ကြည့်ရှုအားပေးခဲ့သည့် မှတ်တမ်းဓာတ်ပုံများ











# တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ အကျဉ်းထောင်/အချုပ်ထောင်စခန်းအသီးသီးမှ အကျဉ်းကျခံနေရသူများအား ပြစ်ဒဏ်လွတ်ငြိမ်းသက်သာခွင့်ပြု




မြန်မာနှစ်သစ်မင်္ဂလာအခါသမယ အထိမ်းအမှတ်အား ဖြင့်လည်းကောင်း၊ ပြည်သူလူထုနှလုံးစိတ်ဝမ်းအေးချမ်းစေရေး နှင့် လူသားချင်းစာနာထောက်ထားမှုကို အလေးထားသောအား ဖြင့်လည်းကောင်း၊ နိုင်ငံအချင်းချင်း မိတ်ဝတ်မပျက်ဆက်ဆံ ရေးကို ရှေးရှုသောအားဖြင့်လည်းကောင်း နိုင်ငံတော်စီမံအုပ် ချုပ်ရေးကောင်စီဥက္ကဋ္ဌသည် အမိန့်အမှတ် ၃၀/၂၀၂၂ နှင့် ၃၁/ ၂၀၂၂ တို့ဖြင့် အကျဉ်းထောင်/ အချုပ်ထောင်စခန်းအသီးသီးတို့ တွင် အကျဉ်းကျခံနေကြရသော အကျဉ်းသား/သူနှင့် နိုင်ငံခြား သား အကျဉ်းသား/သူတို့ကို ဧပြီလ ၁၇ ရက်တွင် ပြစ်ဒဏ်လွတ် ငြိမ်းသက်သာခွင့်ပြုခဲ့ကြောင်း သိရှိရပါသည်။

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ အကျဉ်းထောင်/ အချုပ်ထောင်စခန်းအသီးသီးမှ အကျဉ်းကျခံနေကြသော အကျဉ်း သား/သူ ၁၅၇၇ ဦးနှင့် နိုင်ငံခြားသား အကျဉ်းသား/သူ ၄၂ ဦး၊ စုစုပေါင်း ၁၆၁၉ ဦးတို့အား ရာဇဝတ်ကျင့်ထုံး ဥပဒေပုဒ်မ ၄၀၁၊ ပုဒ်မခွဲ (၁) အရ "နောက်တစ်ကြိမ် ပြစ်မှုထပ်မံကျူးလွန်ပါက ၎င်းပြစ်ဒဏ်အပြင် ယခုကျခံရန်ကျန်ရှိသော ပြစ်ဒဏ်များကို ပါ ဆက်လက်ကျခံပါမည်" ဟူသော စည်းကမ်းသတ်မှတ်ချက် ဖြင့် ၎င်းတို့ကျခံရန် ကျန်ရှိသော ပြစ်ဒဏ်များအပေါ် လျှော့ပေါ့ ၍ ပြစ်ဒဏ်လွတ်ငြိမ်းသက်သာခွင့်ပြုခဲ့ပြီး နိုင်ငံခြားသား အကျဉ်းသား/ သူတို့ကို ပြည်နှင်ဒဏ်ပေးခဲ့ကြောင်း သိရှိရပါ သည်။

ပြစ်ဒဏ်လွတ်ငြိမ်းသက်သာခွင့်ဖြင့် လွှတ်ပေးသည့် အကျဉ်းသား/သူများကို အကျဉ်းဦးစီးဌာနမှ တာဝန်ရှိသူများ က ဆုံးမသြဝါဒစကားများ ပြောကြားပြီး ၎င်းတို့အား ထောင် ထွက်လက်မှတ်၊ စားစရိတ်၊ ခရီးစရိတ်နှင့် လုပ်အားခငွေများ ပေးအပ်ပြီးနောက် ၎င်းတို့၏ မိသားစုဝင်များ၊ သူငယ်ချင်းများ နှင့်မိတ်ဆွေများက ရင်းနှီးပျော်ရွှင်စွာ ကြိုဆိုကြကာ တာဝန် ရှိသူများကလည်း သက်ဆိုင်ရာမြို့နယ်အလိုက် YBS မော်တော် ယာဉ်များဖြင့် လိုက်လံပို့ဆောင်ပေးခဲ့ပြီးကြောင်း သိရှိရပါသည်။

(မြန်မာ့အလင်းသတင်းစာ ၁၈-၄-၂၀၂၂)

## တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ အကျဉ်းထောင်/အချုပ်ထောင်စခန်းအသီးသီးမှ အကျဉ်းကျခံနေရသူများအား ပြစ်ဒဏ်လွတ်ငြိမ်းသက်သာခွင့်ပြုခဲ့သည့် မှတ်တမ်းဓာတ်ပုံများ












- မြန်မာနှစ်သစ်မင်္ဂလာအခါသမယ အထိမ်းအမှတ်အားဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ အကျဉ်းထောင်/အချုပ်ထောင် စခန်းအသီးသီးမှ အကျဉ်းသား / သူ ၁၅၇၇ ဦးနှင့် နိုင်ငံခြားသား အကျဉ်းသား/သူ ၄၂ ဦး၊ စုစုပေါင်း ၁၆၁၉ ဦး တို့အား ရာဇဝတ်ကျင့်ထုံး ဥပဒေပုဒ်မ ၄၀၁၊ ပုဒ်မခွဲ (၁) အရ ၎င်းတို့ကျခံရန် ကျန်ရှိသော ပြစ်ဒဏ်များအပေါ် လျှော့ပေါ့၍ ပြစ်ဒဏ်လွတ်ငြိမ်းသက်သာခွင့်ပြု ခဲ့ပြီး နိုင်ငံခြားသား အကျဉ်းသား/သူတို့ကို ပြည်နှင်ဒဏ်ပေးခဲ့။
- တာဝန်ရှိသူများက လွတ်မြောက်သည့် အကျဉ်းသား/သူများကို ဆုံးမသြဝါဒ စကားများ ပြောကြားပြီး ၎င်းတို့အား ထောင်ထွက်လက်မှတ်၊ စားစရိတ်၊ ခရီးစရိတ်နှင့် လုပ်အားခငွေများ ပေးအပ်ပြီးနောက် ၎င်းတို့၏ မိသားစုဝင်များ၊ သူငယ်ချင်းများနှင့်မိတ်ဆွေများက ရင်နှီးပျော်ရွှင်စွာ ကြိုဆိုကြကာ တာဝန်ရှိသူများကလည်း သက်ဆိုင်ရာ မြို့နယ်အလိုက် YBS မော်တော်ယာဉ်များဖြင့် လိုက်လံပို့ဆောင်ပေးခဲ့။

## အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာန၏ လူ့အခွင့်အရေးအစီရင်ခံစာကို မြန်မာနိုင်ငံက ပယ်ချ

အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနက ၁၂-၄-၂၀၂၂ ရက်က ထုတ်ပြန်ခဲ့သည့် မြန်မာနိုင်ငံဆိုင်ရာအစီရင်ခံစာသည် အခြေအမြစ်မရှိသော အရင်းအမြစ်များနှင့် တစ်ဖက်သတ်စွပ်စွဲချက်များဖြင့် ဖတ်ရှုသူများကို နားလည်မှုလွဲစေရန်နှင့် အစိုးရကို နိုင်ငံရေးအရ အသရေဖျက်ရန် ရေးသားထားသည့် ဝါဒဖြန့်ချိရေးလက်နက်တစ်ခုအပြင် အကြမ်းဖက်ဝါဒကို အားပေးရာ ရောက်ပြီး လိုရာဆွဲသော အချက်အလက်များကြောင့် ယင်းဘက်လိုက်မှုရှိသော အစီရင်ခံစာကို မြန်မာနိုင်ငံက ပြတ်သားစွာ ပယ်ချကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာနက ဧပြီလ ၁၃ ရက်တွင် ထုတ်ပြန်ခဲ့ပါသည်။

### ထုတ်ပြန်ချက်

အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနမှ မြန်မာနိုင်ငံအပါအဝင် နိုင်ငံနှင့်ဒေသပေါင်း ၁၉၀ ကျော်ကို လွှမ်းခြုံသည့် ၂၀၂၁ ခုနှစ် နိုင်ငံအလိုက် လူ့အခွင့်အရေး အလေ့အထများဆိုင်ရာ အစီရင်ခံစာများကို ၁၂-၄-၂၀၂၂ ရက်က ထုတ်ပြန်ခဲ့ကြောင်း မြန်မာနိုင်ငံခြားရေးဝန်ကြီးဌာနမှ သိရှိရသည်။ ထိုသို့ အမေရိကန်ပြည်ထောင်စုက မြန်မာနိုင်ငံနှင့် အခြားနိုင်ငံများအပေါ် တစ်ဖက်သတ်အစီရင်ခံစာများ ထုတ်ပြန်ခဲ့ခြင်းမှာ လူ့အခွင့်အရေးဟူသော ခေါင်းစဉ်အောက်မှ သက်ဆိုင်ရာနိုင်ငံများ၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ရန်အတွက် နိုင်ငံရေးအရ ဆောင်ရွက်ခြင်းမှအပ အခြားသောအကြောင်းတရားမရှိပါ။

စင်စစ်အားဖြင့် အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာန၏ ဖော်ပြပါအစီရင်ခံစာတွင် အစိုးရဆန့်ကျင်ဘက်အုပ်စုများနှင့် မီဒီယာများထံမှ ရရှိသော စွပ်စွဲချက်များနှင့် ပုံဖျက်ထားသော သတင်းများပါဝင်ကြောင်း တွေ့ရှိရသည်။ အစီရင်ခံစာတွင် အမေရိကန်ပြည်ထောင်စု၏ အကူအညီအထောက်အပံ့ကို လက်ခံရယူထားသော အဆိုပါသတင်းအရင်းအမြစ်များကို အကြိမ်ကြိမ်ကိုးကားထားသည်ကို တွေ့ရှိရသည်မှာ အံ့သြဖွယ်မရှိပါ။ အစီရင်ခံစာတွင် မဲဆန္ဒရှင်စုစုပေါင်း၏ ၂၉ ဒသမ ၅၄ ရာခိုင်နှုန်းနှင့် ညီမျှသည့် မဲမသမာမှု ၁၁ ဒသမ ၃ သန်း ဖြစ်ပေါ်ပြီးနောက် ၁-၂-၂၀၂၁ ရက်တွင် အရေးပေါ်အခြေအနေကြေညာခဲ့ရသည့် အဓိကအကြောင်းရင်းကို ရည်ရွယ်ချက်ရှိရှိ ချန်လှပ်ခဲ့သည်။ မဲမသမာမှုများကို ယခင် NLD အစိုးရက နည်းလမ်းတကျဖြေရှင်းရန် လျစ်လျူရှုမှုနှင့် ထိပ်တိုက်ရင်ဆိုင်ရေးတို့ကို ရွေးချယ်ခဲ့မှုတို့ကြောင့် လက်ရှိတွင် CRPH၊ NUG နှင့် PDF အကြမ်းဖက်အဖွဲ့အစည်းများက ကျူးလွန်သောအကြမ်းဖက်မှုများနှင့် သတ်ဖြတ်မှုများ ဖြစ်ပေါ်လျက်ရှိသည်။ အစီရင်ခံစာတွင် ခေါင်းစဉ်များစွာကို သိမ်းကျုံးစွပ်စွဲချက်များဖြင့် ဖော်ပြထားသော်လည်း အများပြည်သူ ဘေးကင်းလုံခြုံရေးနှင့် တည်ငြိမ်ရေးတို့အတွက် အစိုးရ၏ ကြိုး

ပမ်းမှုများကို ထင်ဟပ်ဖော်ပြရန် ပျက်ကွက်ခဲ့သည်။ သို့ဖြစ်ရာ အမေရိကန်ပြည်ထောင်စုအနေဖြင့် ယင်းကဲ့သို့ အစီရင်ခံစာများ ရေးသားရာတွင် သမာသမတ်ကျပြီး မျှတစွာ ဆောင်ရွက်ရန်လိုသည်။

မြန်မာနိုင်ငံဆိုင်ရာအစီရင်ခံစာသည် အခြေအမြစ်မရှိသော အရင်းအမြစ်များနှင့် တစ်ဖက်သတ်စွပ်စွဲချက်များဖြင့် ဖတ်ရှုသူများကို နားလည်မှုလွဲစေရန်နှင့် အစိုးရကို နိုင်ငံရေးအရ အသရေဖျက်ရန် ရေးသားထားသည့် ဝါဒဖြန့်ချိရေးလက်နက်တစ်ခု အပြင် အကြမ်းဖက်ဝါဒကို အားပေးရာရောက်သည်။အစီရင်ခံစာကို အပြီးအတေးဖြင့် ထုတ်ပြန်သည်မှာ ထင်ရှားပြီး လိုရာဆွဲသော အချက်အလက်များကြောင့် ယင်းဘက်လိုက်မှုရှိသော အစီရင်ခံစာကို မြန်မာနိုင်ငံက ပြတ်သားစွာပယ်ချလိုက်သည်။ ယင်းကိစ္စနှင့်စပ်လျဉ်း၍ နိုင်ငံခြားရေးဝန်ကြီးဌာနက ရန်ကုန်မြို့ရှိ အမေရိကန်သံရုံးသို့ ကန့်ကွက်စာကိုလည်း ၂၀၂၂ ခုနှစ်၊ ဧပြီလ ၁၃ ရက်တွင် ပေးပို့ခဲ့ပြီးဖြစ်သည်။

**နိုင်ငံခြားရေးဝန်ကြီးဌာန**

**နေပြည်တော်**

**၂၀၂၂ ခုနှစ်၊ ဧပြီလ ၁၃ ရက်**

**(ကြေးမုံသတင်းစာ ၁၄-၄-၂၀၂၂)**

- **အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာန၏ အစီရင်ခံစာတွင် အစိုးရဆန့်ကျင်ဘက်အုပ်စုများနှင့် မီဒီယာများထံမှ ရရှိသော စွပ်စွဲချက်များနှင့် ပုံဖျက်ထားသော သတင်းများပါဝင်ကြောင်း တွေ့ရှိ။**
- **အစီရင်ခံစာတွင် မဲဆန္ဒရှင်စုစုပေါင်း၏ ၂၉ ဒသမ ၅၄ ရာခိုင်နှုန်းနှင့်ညီမျှသည့် မဲမသမာမှု ၁၁ ဒသမ ၃ သန်း ဖြစ် ပေါ်ပြီးနောက် ၁-၂-၂၀၂၁ ရက်တွင် အရေးပေါ်အခြေအနေကြေညာခဲ့ရသည့် အဓိကအကြောင်းရင်းကို ရည်ရွယ်ချက်ရှိရှိ ချန်လှပ်ခဲ့။**
- **မြန်မာနိုင်ငံဆိုင်ရာအစီရင်ခံစာသည် အခြေအမြစ်မရှိသော အရင်းအမြစ်များနှင့် တစ်ဖက်သတ် စွပ်စွဲချက်များဖြင့် ဖတ်ရှုသူများကို နားလည်မှုလွဲစေရန်နှင့် အစိုးရကို နိုင်ငံရေးအရ အသရေဖျက်ရန် ရေးသားထားသည့် ဝါဒဖြန့်ချိရေးလက်နက်တစ်ခုအပြင် အကြမ်းဖက်ဝါဒကို အားပေးရာရောက်။**
- **အစီရင်ခံစာကို အပြီးအတေးဖြင့် ထုတ်ပြန်သည်မှာ ထင်ရှားပြီး လိုရာဆွဲသော အချက်အလက်များကြောင့် ယင်းဘက်လိုက်မှုရှိသော အစီရင်ခံစာကို မြန်မာနိုင်ငံက ပြတ်သားစွာပယ်ချပြီး ယင်းကိစ္စနှင့်စပ်လျဉ်း၍ ရန်ကုန်မြို့ရှိ အမေရိကန်သံရုံးသို့ ကန့်ကွက်စာကိုလည်း ၂၀၂၂ ခုနှစ်၊ ဧပြီလ ၁၃ ရက်တွင် ပေးပို့ခဲ့ပြီးဖြစ်။**

## လူစုဝေးခြင်းအတွက် ကန့်သတ်ချက်အမိန့်အား ဧပြီ ၁၇ ရက်မှ စတင်၍ ပယ်ဖျက်

ယခုအခါတွင် ကိုဗစ်-၁၉ရောဂါဖြစ်ပွားမှုအခြေအနေများအပေါ် သုံးသပ်ချက်များအရ ကိုဗစ်-၁၉ ရောဂါ ခံတက်ခဲ့အတည်ပြု လူနာသစ်တွေ့ရှိမှု၊ ပိုးတွေ့နှုန်းနှင့် သေဆုံးမှုနှုန်းတို့မှာ သိသာစွာ ကျဆင်းလာခြင်းတို့ကြောင့် လူ ၄၀၀ ဦးအထိ စုဝေးခြင်းအတွက် ကန့်သတ်ချက်အမိန့်အား ၁၇-၄-၂၀၂၂ ရက် (မြန်မာနှစ်ဆန်းတစ်ရက်)မှစတင်၍ ပယ်ဖျက်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ခဲ့ပါသည်။

## ထုတ်ပြန်ချက်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**

**ကျန်းမာရေးဝန်ကြီးဌာန**

**အမိန့်အမှတ်၊ ၈၃/၂၀၂၂**

**၁၃၈၃ ခုနှစ်၊ တန်ခူးလဆန်း ၁၄ ရက်**

**(၂၀၂၂ ခုနှစ်၊ ဧပြီလ ၁၄ ရက်)**

ကျန်းမာရေးဝန်ကြီးဌာနသည် ကူးစက်ရောဂါများ ကာကွယ်နှိမ်နင်းရေးဥပဒေပုဒ်မ ၂၁ ပုဒ်မခွဲ(ခ)ပါ လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ဤအမိန့်ကို ထုတ်ပြန်လိုက်သည်။

၁။ ကျန်းမာရေးဝန်ကြီးဌာနသည် လတ်တလောအသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါ(Coronavirus Disease 2019–COVID–19) ကြိုတင်ကာကွယ်ရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ ရောဂါကူးစက်ပြန့်ပွားမှုမရှိစေရန်အတွက် ၁၅–၃–၂၀၂၂ ရက်စွဲပါ အမိန့်အမှတ်၊ ၅၆/၂၀၂၂ ဖြင့် ခြွင်းချက်ပြု ဖော်ပြထားသော ကိစ္စရပ်များမှအပ လူ ၄၀၀ ဦး အထိ ၁၆–၃–၂၀၂၂ ရက်နေ့မှစ၍ စုဝေးခွင့်ပြုကြောင်း ပြင်ဆင်ထုတ်ပြန်ခဲ့ပါသည်။

၂။ ယခုအခါတွင် ကိုဗစ်–၁၉ရောဂါဖြစ်ပွားမှုအခြေအနေများအပေါ် သုံးသပ်ချက်များအရ ကိုဗစ်–၁၉ ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ်တွေ့ရှိမှု၊ ပိုးတွေ့နှုန်းနှင့် သေဆုံးမှုနှုန်းတို့မှာ သိသာစွာ ကျဆင်းလာခြင်းတို့ကြောင့် အဆိုပါလူစုဝေးခြင်းအတွက် ကန့်သတ်ချက်အမိန့်အား ၁၇–၄–၂၀၂၂ ရက်(မြန်မာနှစ်ဆန်းတစ်ရက်)၊ ၀၀:၀၀ နာရီအချိန်မှ စတင်၍ ပယ်ဖျက်ကြောင်း ထုတ်ပြန်လိုက်သည်။

၃။ ကိုဗစ်–၁၉ ရောဂါနှင့်စပ်လျဉ်း၍ ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ထားသည့် အမိန့်၊ ညွှန်ကြားချက်များကို ဆက်လက်လိုက်နာရန် လိုအပ်ပြီး လိုက်နာရန်ပျက်ကွက်ပါက တည်ဆဲဥပဒေများအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်သည်။

**ဒေါက်တာသက်ခိုင်ဝင်း**

**ပြည်ထောင်စုဝန်ကြီး**

**(ကြေးမုံသတင်းစာ ၁၅–၄–၂၀၂၂)**

- **၁၅–၃–၂၀၂၂ ရက်စွဲပါ အမိန့်အမှတ်၊ ၅၆/၂၀၂၂ ဖြင့် ခြွင်းချက်ပြု ဖော်ပြထားသော ကိစ္စရပ်များမှအပ လူ ၄၀၀ ဦး အထိ ၁၆–၃–၂၀၂၂ ရက်နေ့မှစ၍ စုဝေးခွင့်ပြုကြောင်း ပြင်ဆင်ထုတ်ပြန်ခဲ့။**
- **ယခုအခါ ကိုဗစ်–၁၉ ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ်တွေ့ရှိမှု၊ ပိုးတွေ့နှုန်းနှင့် သေဆုံးမှုနှုန်းတို့မှာ သိသာစွာ ကျဆင်းလာခြင်းတို့ကြောင့် အဆိုပါလူစုဝေးခြင်းအတွက် ကန့်သတ်ချက်အမိန့်အား ၁၇–၄–၂၀၂၂ ရက်(မြန်မာနှစ်ဆန်းတစ်ရက်)မှစတင်၍ ပယ်ဖျက်။**
- **ကိုဗစ်–၁၉ ရောဂါနှင့်စပ်လျဉ်း၍ ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ထားသည့် အမိန့်၊ ညွှန်ကြားချက်များကို လိုက်နာရန် ပျက်ကွက်ပါက တည်ဆဲဥပဒေများအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်။**

# ပြည်ထောင်စုဝန်ကြီးဌာနများအလိုက် ရေကစားမဏ္ဍပ်များ၌ ရေသဘင်ပွဲတော်ကို ဌာနဆိုင်ရာဝန်ထမ်းမိသားစုများနှင့်အတူ ပြည်သူများ ပျော်ရွှင်စွာဆင်နွှဲ




**ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ပြည်ထဲရေးဝန်ကြီးဌာန၊ မိသားစုအတာရေသဘင်မဏ္ဍပ်ကို ဖွင့်လှစ်ပေးနေမှု**

မြန်မာသက္ကရာဇ် ၁၃၈၃ ခုနှစ်တွင် ကျရောက်သည့် မဟာသင်္ကြန်အတာရေသဘင်ပွဲတော်တွင် ဌာနဆိုင်ရာမိသားစုများအနေဖြင့် စိတ်အပန်းဖြေပျော်ရွှင်စွာဖြင့် ရေကစားနိုင်ရန်အတွက် ဝန်ကြီးဌာနများအလိုက် ရေကစားမဏ္ဍပ်များ၌ မြန်မာ့ရိုးရာရေသဘင်ပွဲတော်ကို ကျင်းပပြုလုပ်ခဲ့ရာ ပြည်ထောင်စုဝန်ကြီးများနှင့်ဇနီးများ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများနှင့် ၎င်းတို့၏ဇနီးများ၊ အရာထမ်း၊ အမှုထမ်းများနှင့် မိသားစုဝင်များ ပျော်ရွှင်စွာဆင်နွှဲခဲ့ကြပါသည်။

- မဟာသင်္ကြန်အကြိုနေ့တွင် ပြည်ထဲရေးဝန်ကြီးဌာန၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာနနှင့် နယ်စပ်ရေးရာဝန်ကြီးဌာနတို့၏ မြန်မာ့ရိုးရာမဟာသင်္ကြန်အတာရေသဘင်ပွဲတော်ဖွင့်ပွဲအခမ်းအနားများကို သက်ဆိုင်ရာဝန်ကြီးဌာန ပရဝဏ်အတွင်း၌ ကျင်းပပြုလုပ်ခဲ့။
- မဟာသင်္ကြန်အကျနေ့တွင် ပြည်ထဲရေးဝန်ကြီးဌာန မိသားစု မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော် ရေကစားမဏ္ဍပ်သို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များနှင့် ပြည်ထောင်စုဝန်ကြီးများ တက်ရောက်ခဲ့ပြီး မဟာသင်္ကြန်မဏ္ဍပ်ဖွင့်ပွဲအခမ်းအနားများကို ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနအတွင်း၌ လည်းကောင်း၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနအတွင်း၌လည်းကောင်း၊ စက်မှုဝန်ကြီးဌာနအတွင်း၌လည်းကောင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာနရုံးအတွင်း၌လည်းကောင်း၊ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနအတွင်း၌လည်းကောင်း ကျင်းပခဲ့။
- မဟာသင်္ကြန်အကြတ်နေ့တွင် သက်ဆိုင်ရာဝန်ကြီးဌာနတို့၌ မိသားစုရေသဘင်ပွဲတော်များ ဆက်လက်ကျင်းပခဲ့ပြီး အဆိုပါဝန်ကြီးဌာနများမှ လုပ်ပိုင်ခွင့်များက သင်္ကြန်ယိမ်းအကများဖြင့် ကပြဖျော်ဖြေကြရာ ပြည်ထောင်စုဝန်ကြီးများနှင့်ဇနီးများက ယိမ်းအကအဖွဲ့များအား ဂုဏ်ပြုဆုငွေများ ချီးမြှင့်၍ ဝန်ကြီးရုံးနှင့် ဦးစီးဌာနများမှ မြန်မာ့ရိုးရာစတုဒိသာ အစားအစာများဖြင့် တည်ခင်းဧည့်ခံခဲ့။
- မဟာသင်္ကြန်ပွဲတော်အတက်နေ့တွင် သက်ဆိုင်ရာဝန်ကြီးဌာန မိသားစုရေသဘင်ပွဲတော်များကို ပျော်ရွှင်စွာ ဆက်လက်ဆင်နွှဲခဲ့ပြီး အောင်မြင်စွာပိတ်သိမ်းခဲ့။

ဌာနဆိုင်ရာရေသဘင်ပွဲတော်များတွင် ပါဝင်ဆင်နွှဲကြသူများအား မြန်မာ့ရိုးရာ အစားအစာများဖြစ်သည့် မုန့်လုံးရေ





နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာနတို့၏ မိသားစု အတာရေသဘင်ပွဲ ဆင်နွှဲနေမှု





ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မိသားစု အတာရေသဘင်ပွဲ ဆင်နွှဲနေမှု

ပေါ်၊ ရွှေရင်အေး၊ မုန့်လက်ဆောင်း၊ မုန့်ဟင်းခါး၊ သင်္ကြန်ထမင်း တို့ဖြင့် တည်ခင်းဧည့်ခံခဲ့ကြောင်းနှင့် တက်ရောက်လာသည့် ဝန်ထမ်းများနှင့် မိသားစုများက သင်္ကြန်သီချင်းများနှင့် သီဆို ဖျော်ဖြေ၍ ပျော်ရွှင်စွာ ရေပက်ကစားခဲ့ကြကြောင်း သိရှိရပါသည်။

**(ကြေးမုံသတင်းစာ ၁၇-၄-၂၀၂၂)**

- **မဟာသင်္ကြန်အတာရေသဘင်ပွဲတော်တွင် ဌာနဆိုင်ရာမိသားစုများအနေဖြင့် စိတ်အပန်းဖြေပျော်ရွှင်စွာဖြင့် ရေကစားနိုင်ရန်အတွက် သက်ဆိုင်ရာဝန်ကြီးဌာန ရေကစားမဏ္ဍပ်များ၌ မြန်မာ့ရိုးရာရေသဘင်ပွဲတော်ကို အောင်မြင်စွာ ကျင်းပပြုလုပ်ခဲ့။**
- **ဌာနဆိုင်ရာရေသဘင်ပွဲတော်များတွင် ပါဝင်ဆင်နွှဲကြသူများအား မြန်မာ့ရိုးရာ အစားအစာများဖြစ်သည့် မုန့်လုံးရေပေါ်၊ ရွှေရင်အေး၊ မုန့်လက်ဆောင်း၊ မုန့်ဟင်းခါး၊ သင်္ကြန်ထမင်းတို့ဖြင့် တည်ခင်းဧည့်ခံခဲ့ကြောင်းနှင့် တက်ရောက်လာသည့် ဝန်ထမ်းများနှင့် မိသားစုများက သင်္ကြန်သီချင်းများနှင့် သီဆိုဖျော်ဖြေ၍ ပျော်ရွှင်စွာ ရေပက်ကစားခဲ့။**

## ပြည်ထောင်စုဝန်ကြီးဌာနများအလိုက် ရေကစားမဏ္ဍပ်များ၌ ရေသဘင်ပွဲတော်ကို ဌာနဆိုင်ရာဝန်ထမ်းမိသားစုများနှင့်အတူ ပြည်သူများ ပျော်ရွှင်စွာဆင်နွှဲနေသည့် မှတ်တမ်းဓာတ်ပုံများ



လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန မိသားစု အတာရေသဘင်ပွဲ ဆင်နွှဲနေမှု





ဆောက်လုပ်ရေးဝန်ကြီးဌာန မိသားစု အတာရေသဘင်ပွဲ ဆင်နွှဲနေမှု





တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန မိသားစု အတာရေသဘင်ပွဲ ဆင်နွှဲနေမှု

# ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ရှိ နိုင်ငံခြားသံရုံးများမှ သံရုံးမိသားစုဝင်များနှင့် သံတမန်မိသားစုများ မြန်မာ့ရိုးရာအတာရေသဘင်ပွဲ ပျော်ရွှင်စွာလာရောက်ဆင်နွှဲ




**အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်ရှိ နန်းမြို့သူရေကစားမဏ္ဍပ်သို့ အိန္ဒိယကောင်စစ်ဝန်နှင့် မိသားစုများ၊ တရုတ်ကောင်စစ်ဝန်နှင့် မိသားစုများ လာရောက်ကြည့်ရှုအားပေးနေမှု**

ဧပြီ လ ၁၅ ရက်(သင်္ကြန်အကြတ်နေ့)တွင် ရန်ကုန်မြို့တော်မဟာသင်္ကြန်ရေကစားမဏ္ဍပ်၌ မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားဒီမိုကရက်တစ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး ဦးဆောင်သော ရန်ကုန်မြို့ရှိ နိုင်ငံခြားသံရုံးများမှ သံရုံးမိသား စုဝင်များနှင့် သံတမန်မိသားစုများသည် နိုင်ငံခြားရေးဝန်ကြီး ဌာနမှ တာဝန်ရှိသူများ၊ ပြည်သူများနှင့်အတူ အတာရေများ ပက်ဖျန်းခြင်း၊ နိုင်ငံကျော်အနုပညာရှင်များနှင့်အတူ တေးသီချင်းများသီဆိုကခုန်ခြင်းနှင့် မဟာဗန္ဓုလပန်းခြံနံဘေးရှိ လမ်းလျှောက်သင်္ကြန်သို့ တက်ရောက်ချီးမြှင့်အားပေးခြင်းများ ပြုလုပ်ခဲ့ကြပါသည်။

အလားတူ အိန္ဒိယကောင်စစ်ဝန်နှင့် အဖွဲ့ဝင်များသည် ဧပြီလ ၁၆ ရက် (သင်္ကြန်အတက်နေ့)တွင် အလယ်ပိုင်းတိုင်း စစ်ဌာနချုပ်ရှိ နန်းမြို့သူရေကစားမဏ္ဍပ်နှင့် အခြားရေကစား မဏ္ဍပ်များလည်း သွားရောက်လည်ပတ်၍ မြန်မာ့ရိုးရာအတာ ရေသဘင်ပွဲကို ပျော်ရွှင်စွာပါဝင်ဆင်နွှဲခဲ့ကြပါသည်။

မြန်မာ့ရိုးရာရေသဘင်ပွဲတော်သို့ လာရောက်ဆင်နွှဲခဲ့ ကြသော သံအမတ်ကြီးနှင့် သံရုံးမိသားစုဝင်များ၊ သံတမန်မိ သားစုများသည် ယိမ်းအဖွဲ့များ၊ တိုင်းရင်းသားရိုးရာယဉ်ကျေး မှုအဖွဲ့၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးမှ အမေများအဖွဲ့နှင့် အနုပညာရှင်များ၊ မြန်မာနိုင်ငံဂီတအစည်းအရုံးမှ အနုပညာရှင် များ၊ မြန်မာနိုင်ငံသဘင်အစည်းအရုံးမှ အနုပညာရှင်များ၏ ပုဂံ အက၊ ဇော်ဂျီရုပ်သေးအစွမ်းပြအကတို့ဖြင့် သီဆိုကပြဖျော် ဖြေမှုကို ကြည့်ရှုအားပေးခဲ့ကြပြီး အနုပညာရှင်များအား ဂုဏ် ပြုဆုငွေများပေးအပ်ခဲ့ကြောင်း သိရှိရပါသည်။

**(ကြေးမုံသတင်းစာ ၁၆-၄-၂၀၂၂)**

- **ရန်ကုန်မြို့နှင့်မန္တလေးမြို့တို့ရှိ နိုင်ငံခြားသံရုံးများမှ သံရုံးမိသားစုဝင်များနှင့် သံတမန်မိသားစုများသည် ဝန်ကြီးဌာနများမှ တာဝန်ရှိသူများ၊ ယိမ်းအဖွဲ့များ၊ တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုအဖွဲ့၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးမှ အမေများ အဖွဲ့နှင့် အနုပညာရှင်များ၊ မြန်မာနိုင်ငံဂီတအစည်းအရုံးမှ အနုပညာရှင်များ၊ မြန်မာနိုင်ငံသဘင်အစည်းအရုံးမှ အနု ပညာရှင်များနှင့်အတူ မြန်မာ့ရိုးရာ အတာရေသဘင်ပွဲတော်အား ပျော်ရွှင်စွာဆင်နွှဲခဲ့။**

## ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ရှိ နိုင်ငံခြားသံရုံးများမှ သံရုံးမိသားစုဝင်များနှင့် သံတမန်မိသားစုများ မြန်မာ့ရိုးရာအတာရေသဘင်ပွဲ ပျော်ရွှင်စွာလာရောက်ဆင်နွှဲနေသည့် မှတ်တမ်းဓာတ်ပုံများ











# တိုင်းစစ်ဌာနချုပ်အသီးသီးရှိ ရေကစားမဏ္ဍပ်များ၌ မြန်မာ့ရိုးရာ အတာသင်္ကြန်ပွဲတော်အား ပျော်ရွှင်စွာဆင်နွှဲ



မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် မိသားစုရေကစားမဏ္ဍပ်၌ ပြည်သူများ ပျော်ရွှင်စွာ ရေကစားနေမှု

မြန်မာသက္ကရာဇ် ၁၃၈၃ ခုနှစ်၊ မြန်မာ့ရိုးရာ မဟာသင်္ကြန်ပွဲတော်ကို တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ တိုင်းစစ်ဌာနချုပ်များ၌ ဧပြီလ ၁၃ ရက်မှ ၁၆ ရက်အထိကျင်းပခဲ့ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဝန်ကြီးချုပ်များ၊ တိုင်းမှူးများ၊ တိုင်းစစ်ဌာနချုပ်များမှ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ယိမ်းအကအဖွဲ့များ ပါဝင်ဆင်နွှဲခဲ့ကြပါသည်။

တိုင်းစစ်ဌာနချုပ်များအလိုက် ရေကစားမဏ္ဍပ်များအား သင်္ကြန်အကြိုနေ့တွင် ဖွင့်လှစ်ခဲ့ပြီးနောက် သင်္ကြန်အကျ၊ အကြတ်၊ အတက်နေ့များတွင် ရေကစားမဏ္ဍပ်များ၌ အတာရေသဘင်ပွဲကို ဆင်နွှဲကြရာ သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များရှိ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ ပျော်ရွှင်စွာပါဝင်ဆင်နွှဲခဲ့ပြီး အတာသင်္ကြန်ယိမ်းအက အဖွဲ့ဝင်များမှ ဖျော်ဖြေခြင်း၊ ရေသဘင်ဆင်နွှဲကြသူများအား စတုဒိသာအကျွေးအမွေးများ၊ နိဗ္ဗာန်ဈေးပွဲတော်များပြုလုပ်၍ ဧည့်ခံကျွေးမွေးကြပြီး ရေသဘင်ပွဲတော်အား ဒေသခံပြည်သူများနှင့်အတူ စည်ကားသိုက်မြိုက်စွာ ဆင်နွှဲခဲ့ကြပါသည်။

တိုင်းစစ်ဌာနချုပ်ရေကစားမဏ္ဍပ်များသို့ တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ ဝန်ကြီးချုပ်များ၊ သက်ဆိုင်ရာတိုင်းမှူးများနှင့် အဖွဲ့ဝင်များက သွားရောက်ကြည့်ရှုအားပေးကာ စစ်သည်မိသားစုဝင်များနှင့်အတူ ပျော်ရွှင်စွာရေကစားခဲ့ကြပြီး ယိမ်းအဖွဲ့များအား ဂုဏ်ပြုဆုငွေများ ပေးအပ်ခဲ့ကြောင်းသိရှိရပါသည်။

(ကြေးမုံသတင်းစာ ၁၇-၄-၂၀၂၂)

- **တိုင်းစစ်ဌာနချုပ်အသီးသီးရှိ ရေကစားမဏ္ဍပ်များ၌ မြန်မာ့ရိုးရာအတာသင်္ကြန်ပွဲတော်အား ရေကစားခြင်းဖြင့်လည်းကောင်း၊ ရေသဘင်ဆင်နွှဲကြသူများအား စတုဒိသာအကျွေးအမွေးများဖြင့်လည်းကောင်း၊ နိဗ္ဗာန်ဈေးပွဲတော်များပြုလုပ်၍ လည်းကောင်း ဧည့်ခံကျွေးမွေးကြပြီး ရေသဘင်ပွဲတော်အား စည်ကားသိုက်မြိုက်စွာ ဆင်နွှဲခဲ့။**

# တိုင်းစစ်ဌာနချုပ်အသီးသီးရှိ ရေကစားမဏ္ဍပ်များ၌ မြန်မာ့ရိုးရာ အတာသင်္ကြန်ပွဲတော်အား ပျော်ရွှင်စွာဆင်နွှဲနေသည့် မှတ်တမ်းဓာတ်ပုံများ



အရှေ့တောင်တိုင်းစစ်ဌာနချုပ်



အနောက်တောင်တိုင်းစစ်ဌာနချုပ်



ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်



အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်



အနောက်မြောက်တိုင်းစစ်ဌာနချုပ်



အရှေ့မြောက်တိုင်းစစ်ဌာနချုပ်

# မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော်ကာလတွင် နိုင်ငံတစ်ဝန်းရှိပြည်သူများက ပျော်ရွှင်စွာရေဆော့ကစား



**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါ်အေးနုစိန်က အဖွဲ့ဝင်များနှင့်အတူ စစ်တွေမြို့ မဟာသင်္ကြန်ဗဟိုမဏ္ဍပ်တွင် ပျော်ရွှင်စွာ ဆင်နွှဲနေမှု**

မြန်မာသက္ကရာဇ် ၁၃၈၃ ခုနှစ်၊ မြန်မာ့ရိုးရာ မဟာသင်္ကြန်ပွဲတော်ကို ဧပြီလ ၁၃ ရက် သင်္ကြန်အကြိုနေ့မှ ဧပြီလ ၁၆ ရက် သင်္ကြန်အတက်နေ့အထိ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် ကျင်းပပြုလုပ်ခဲ့ရာ နိုင်ငံတစ်ဝန်းရှိပြည်သူများက အေးချမ်းပျော်ရွှင်စွာ သင်္ကြန်ရေကစားခဲ့ကြပါသည်။

- နေပြည်တော်ကောင်စီနယ်မြေအတွင်း နေပြည်တော် မြို့တော်ဝန် မဟာသင်္ကြန်မဏ္ဍပ်တွင် ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး နိုင်ငံကျော် အနုပညာရှင်များ၊ တေးသံရှင်များက တေးသီချင်းများဖြင့်လည်းကောင်း၊ ယိမ်းအဖွဲ့များက ယိမ်းအကများဖြင့်လည်းကောင်း ဖျော်ဖြေနေမှုများကို ကြည့်ရှုအားပေးခဲ့။
- ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်မြို့တော်မဟာသင်္ကြန် ရေသဘင်ပွဲတော်ကို စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ရာ ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆိုင်ရာ သံတမန်များနှင့် စစ်သံမှူးများက ပြည်သူများနှင့်အတူ ပျော်ရွှင်ချမ်းမြေ့စွာ ပါဝင်ဆင်နွှဲခဲ့။
- နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါ်အေးနုစိန်နှင့်အဖွဲ့သည် စစ်တွေမြို့၊ ဦးဥတ္တမပန်းခြံရှေ့ရှိ မဟာသင်္ကြန်ဗဟိုမဏ္ဍပ်သို့ သွားရောက်ပြီး ဌာနဆိုင်ရာ ယိမ်းအကအဖွဲ့များ၊ စစ်တွေတပ်နယ်မှ ယိမ်းအကအဖွဲ့များ၏ ကပြဖျော်ဖြေနေမှု၊ ရခိုင်အဆိုတော်များ၏ ကပြဖျော်ဖြေနေမှုကို ကြည့်ရှုအားပေးခဲ့။
- ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့ရှိ မြန်မာ့ယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်တွင် ဗဟိုမဏ္ဍပ်၊ ရေကစားမဏ္ဍပ်နှင့် လမ်းလျှောက်သင်္ကြန်ပွဲတော်တို့၌ ရေကစားသူများ၊ လည်ပတ်သူများဖြင့် အေးချမ်းပျော်ရွှင်စွာ ကျင်းပလျက်ရှိရာ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ရေသဘင်မဏ္ဍပ်သို့ သွားရောက်ပြီး ပြည်သူများနှင့်အတူ ပါဝင်ဆင်နွှဲခဲ့။
- ချင်းပြည်နယ်၊ ဟားခါးမြို့ရှိ မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော် ဗဟိုမဏ္ဍပ်၌ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ယိမ်းအဖွဲ့များ၏ ယှဉ်ပြိုင်နေမှုများနှင့် ဖျော်ဖြေမှုများကို ကြည့်ရှုအားပေးပြီး ဂုဏ်ပြုဆုငွေများ ချီးမြှင့်ခဲ့။
- တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့ရှိ မြန်မာ့ရိုးရာ မဟာသင်္ကြန်ပွဲတော် ဗဟိုမဏ္ဍပ်နှင့် ဌာနဆိုင်ရာ ရေကစား



**ချင်းပြည်နယ်ဝန်ကြီးချုပ် ဦးငွန်ဆန်းအောင် ဟားခါးမြို့၌ မြန်မာ့ရိုးရာနှစ်သစ်ကူး အတာသင်္ကြန်ပွဲတော် အကြတ်နေ့ကျင်းပနေမှုအား တက်ရောက်ကြည့်ရှုအားပေးနေမှု**

သင်္ကြန်မဏ္ဍပ်များတွင် ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ရေသဘင်ပွဲဆင်နွှဲနေမှုများကို ကြည့်ရှုစစ်ဆေးခဲ့။

- ကရင်ပြည်နယ်၊ ဘားအံမြို့ပေါ်ရှိ ပြည်နယ်အဆင့်ဆိုင်ရာ မြန်မာ့ရိုးရာမဟာ သင်္ကြန်ပွဲတော်ရေကစားမဏ္ဍပ်များတွင် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ယိမ်းအဖွဲ့များ၏ဖျော်ဖြေမှုများနှင့် အနုပညာရှင်များ၏ သီဆိုဖျော်ဖြေမှုများကို ကြည့်ရှုအားပေးပြီး ဂုဏ်ပြုဆုငွေများ ချီးမြှင့်ခဲ့။
- မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့တော် မဟာသင်္ကြန်မဏ္ဍပ်၌ ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ယိမ်းအဖွဲ့များ၏ ကပြဖျော်ဖြေမှုများနှင့် အနုပညာရှင်များ၏ သီဆိုဖျော်ဖြေမှုများကို ကြည့်ရှုအားပေးခဲ့။
- ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့ရှိ ဗဟိုမဏ္ဍပ်၌ ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက တက်ရောက်ခဲ့ကြပြီး ယိမ်းအဖွဲ့များ၏ ဖျော်ဖြေမှုများကို ကြည့်ရှုခဲ့။
- ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့(ဗဟို)က ကြီးမှူးကျင်းပသည့် မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော်ဖွင့်ပွဲနှင့် စတုဒိသာကျွေးမွေးလှူဒါန်းပွဲ အခမ်းအနားကို ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၌ ကျင်းပပြုလုပ်ခဲ့။

မဟာသင်္ကြန်ပွဲတော်တွင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် ပြည်သူများ အေးချမ်းပျော်ရွှင်စွာ ရေကစားနိုင်ရေးအတွက် သက်ဆိုင်ရာတာဝန်ရှိသူများက ပူးပေါင်းအဖွဲ့များဖွဲ့စည်း၍ ကြီးကြပ်ဆောင်ရွက်ပေးလျက်ရှိပြီး မဏ္ဍပ်အသီးသီးတွင် ယိမ်းအဖွဲ့များက ကပြဖျော်ဖြေခြင်း၊ တေးသံရှင်များက တေးသံသာများဖြင့် ဖျော်ဖြေပြီး အတာရေသဘင်ပွဲတော်ကို အထူးစည်ကားစွာ ဆင်နွှဲနေကြသည့်အပြင် နိုင်ငံတစ်ဝန်းရှိ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်များအလိုက် ရေကစားမဏ္ဍပ်များတွင် နေ့အလိုက် စတုဒိသာများကျွေးမွေးဧည့်ခံခြင်းများဖြင့် ပြည်သူများ အေးချမ်းပျော်ရွှင်စွာ ရေကစားလျက်ရှိကြောင်းနှင့် တန်ခိုးကြီးဘုရားများတွင် ကုသိုလ်ကောင်းမှုပြုသူများနှင့် စည်ကားလျက်ရှိကြောင်း သိရှိရပါသည်။

**(ကြေးမုံသတင်းစာ ၁၆-၄-၂၀၂၂)**

- **မြန်မာ့ရိုးရာ မဟာသင်္ကြန်ပွဲတော်ကို ဧပြီလ ၁၃ ရက် သင်္ကြန်အကြိုနေ့မှ ဧပြီလ ၁၆ ရက် သင်္ကြန်အတက်နေ့အထိ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် ကျင်းပပြုလုပ်ခဲ့ရာ နိုင်ငံတစ်ဝန်းရှိပြည်သူများကအေးချမ်း ပျော်ရွှင်စွာ သင်္ကြန်ရေကစားခဲ့။**
- **မဏ္ဍပ်အသီးသီးတွင် ယိမ်းအဖွဲ့များက ကပြဖျော်ဖြေခြင်း၊ တေးသံရှင်များက တေးသံသာများဖြင့် ဖျော်ဖြေပြီး အတာရေသဘင်ပွဲတော်ကို အထူးစည်ကားစွာ ဆင်နွှဲနေကြသည့်အပြင် နိုင်ငံတစ်ဝန်းရှိ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်များအလိုက် ရေကစားမဏ္ဍပ်များတွင် နေ့အလိုက် စတုဒိသာများကျွေးမွေးဧည့်ခံခြင်းများဖြင့် ပြည်သူများ အေးချမ်းပျော်ရွှင်စွာ ရေကစားလျက်ရှိ။**

## မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော်ကာလတွင် နိုင်ငံတစ်ဝန်းရှိပြည်သူများက ပျော်ရွှင်စွာရေဆော့ကစားနေသည့် မှတ်တမ်းဓာတ်ပုံများ




ပဲခူးတိုင်းဒေသကြီးတွင် မြန်မာ့ရိုးရာ မဟာအတာသင်္ကြန်ပွဲတော်ကျင်းပနေမှု




ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့ မြန်မာ့ရိုးရာ မဟာအတာသင်္ကြန်ပွဲတော်ကျင်းပနေမှု




ဧရာဝတီတိုင်းဒေသကြီးတွင် မဟာအတာသင်္ကြန်ပွဲတော်ကျင်းပနေမှု

## မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော်ကာလတွင် နိုင်ငံတစ်ဝန်းရှိပြည်သူများက ပျော်ရွှင်စွာရေဆော့ကစားနေသည့် မှတ်တမ်းဓာတ်ပုံများ




တနင်္သာရီတိုင်းဒေသကြီးတွင် မြန်မာ့ရိုးရာ မဟာအတာသင်္ကြန်ပွဲတော်ကျင်းပနေမှု




ကရင်ပြည်နယ်တွင် မြန်မာ့ရိုးရာ မဟာအတာသင်္ကြန်ပွဲတော်ကျင်းပနေမှု




မွန်ပြည်နယ်တွင် မဟာအတာသင်္ကြန်ပွဲတော်ကျင်းပနေမှု

# မဟာသင်္ကြန်ပွဲတော်ကာလများတွင် အပန်းဖြေစခန်းများ၌ လာရောက်အပန်းဖြေသူများဖြင့် စည်ကားလျက်ရှိ



**သီပေါမြို့နယ်၊ ဒုဋ္ဌဝတီမြစ်ကမ်းခြေရှိ သီပေါချောင်းသာ အပန်းဖြေစခန်း၌ အများပြည်သူများ အပန်းဖြေနေမှု**

မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော်ကာလများတွင် တန်ခိုးကြီးဘုရားစေတီပုထိုးများ၌ ကုသိုလ်ကောင်းမှုပြုကြသူများ၊ စတုဒိသာကျွေးမွေးလှူဒါန်းကြသူများ၊ အေးချမ်းပျော်ရွှင်စွာ ရေကစားကြသူများနှင့် အပန်းဖြေစခန်းများ၌ လာရောက်အပန်းဖြေကြသူများဖြင့် စည်ကားလျက်ရှိပါသည်။

နေပြည်တော်ကောင်စီနယ်မြေအတွင်း အထင်ကရနေရာများဖြစ်သော ဇေယျာသီရိမြို့နယ်၊ ကျည်တောင်ကျေးရွာအုပ်စုအတွင်းရှိ လှေခွင်းတောင်ကမ်းခြေ အပန်းဖြေစခန်း၊ ကျည်တောင်ရေဆိပ်၊ ပျဉ်းမနားမြို့နယ်ရှိ အဝေရာကမ်းခြေ အပန်းဖြေစခန်း၊ မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့နယ်ရှိ တောင်သမန်ဦးပိန်တံတား၊ မြို့တွင်းရှိ မြို့တော်ဥယျာဉ်ကစားကွင်း၊ ပုသိမ်ကြီးမြို့နယ်ရှိ ဒုဋ္ဌဝတီမြစ်ဘေးတွင် ဖွင့်လှစ်ထားသည့် ၃ မိုင်၊ ၅ မိုင်၊ ၇ မိုင် အပန်းဖြေစခန်းများ၊ ရန်ကုန်တိုင်းဒေသကြီး၊ ကွမ်းခြံကုန်းမြို့နယ်ရှိ ဆယ်အိမ်တန်းကမ်းခြေ၊ တနင်္သာရီတိုင်းဒေသကြီး၊ ကော့သောင်းမြို့ရှိ နိုင်ငံတကာစံချိန်မီ ပင်လယ်ကျွန်းများ၊ ဧရာဝတီတိုင်းဒေသကြီးရှိ ချောင်းသာကမ်းခြေ၊ ငွေဆောင်ကမ်းခြေ၊ မွန်ပြည်နယ်ရှိ စက်စဲကမ်းခြေ၊ ရခိုင်ပြည်နယ်ရှိ ငပလီကမ်းခြေ၊ ကျောက်ဖြူမြို့ရှိ ပင်လယ်ကမ်းခြေတစ်လျှောက်တို့တွင် လာရောက်အပန်းဖြေ အနားယူကြသူများဖြင့် အထူးစည်ကားလျက်ရှိပါသည်။

မဟာသင်္ကြန်ကာလအတွင်း အပန်းဖြေကမ်းခြေစခန်းများတွင် ပြည်သူများ စိတ်အေးချမ်းပျော်ရွှင်စွာ အနားယူအပန်းဖြေနိုင်စေရေးအတွက် သက်ဆိုင်ရာတာဝန်ရှိသူများက ပူးပေါင်းအဖွဲ့များဖွဲ့စည်း၍ လှည့်ကင်းများဖြင့် စောင့်ရှောက်မှုပေးခြင်း၊ အပန်းဖြေအနားယူနေကြစဉ်အတွင်း အန္တရာယ်မရှိစေရေးအတွက် သတိပေးနှိုးဆော်ခြင်းများကိုလည်း ဆောင်ရွက်လျက်ရှိပါသည်။

**(ကြေးမုံသတင်းစာ ၁၆-၄-၂၀၂၂)**

- **မြန်မာ့ရိုးရာမဟာ သင်္ကြန်ပွဲတော်ကာလများတွင် တန်ခိုးကြီးဘုရားစေတီပုထိုးများ၌ ကုသိုလ်ကောင်းမှုပြုကြသူများ၊ စတုဒိသာကျွေးမွေးလှူဒါန်းကြသူများ၊ အေးချမ်းပျော်ရွှင်စွာ ရေကစားကြသူများနှင့် အပန်းဖြေစခန်းများ၌ လာရောက်အပန်းဖြေကြသူများဖြင့် စည်ကားလျက်ရှိ။**

## မဟာသင်္ကြန်ပွဲတော်ကာလများတွင် ဘုရားစေတီပုထိုးများ၌ လာရောက်ဘုရားဖူးသူများဖြင့် စည်ကားလျက်ရှိသည့် မှတ်တမ်းဓာတ်ပုံများ



အင်းလေးဖောင်တော်ဦးစေတီ



ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ



ကျောက်တော်မြို့နယ်



မုဒုံမြို့နယ်



ဟိုပုံးမြို့နယ်



ပေါင်မြို့နယ်

## မဟာသင်္ကြန်ပွဲတော်ကာလများတွင် အပန်းဖြေစခန်းများ၌ လာရောက်အပန်းဖြေသူများဖြင့် စည်ကားလျက်ရှိသည့် မှတ်တမ်းဓာတ်ပုံများ



ဓနုဖြူမြို့နယ်



မြိတ်မြို့နယ်



ဖြူးချောင်းအပန်းဖြေစခန်း



ငွေဆောင်ကမ်းခြေ



မန်းရွှေစက်တော်



လှေခွင်းတောင်အပန်းဖြေစခန်း

# မြန်မာ့နှစ်ဆန်းတစ်ရက်နေ့တွင် နိုင်ငံတစ်ဝန်း ကုသိုလ်ကောင်းမှုပြုသူများဖြင့် စည်ကား



**ရန်ကုန်တိုင်းဒေသကြီးတွင် သက်ကြီးပူဇော်ပွဲကျင်းပပြုလုပ်နေမှု**

မြန်မာသက္ကရာဇ် ၁၃၈၃ ခုနှစ် နှစ်ဟောင်းကုန်လွန်၍ ၁၃၈၄ ခုနှစ် မြန်မာနှစ်ဆန်းတစ်ရက်နေ့ အခါသမယတွင် နိုင်ငံတစ်ဝန်း၌ ယဉ်ကျေးမှုဓလေ့ထုံးတမ်းစဉ်လာမပျက် ကုသိုလ်ကောင်းမှုပြုသူများဖြင့် ကြိတ်ကြိတ်တိုး စည်းကားခဲ့ပါသည်။

- နေပြည်တော်ကောင်စီနယ်မြေရှိ ထင်ရှားသော ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး၊ မဟာသကျရံသီ ရုပ်ရှင်တော်မြတ်ကြီး၊ လေ့ခွင်းတောင်တန်ခိုးကြီးဘုရားအပါအဝင် အခြားတန်ခိုးကြီးဘုရားစေတီများတွင် ဥပုသ်သီလခံယူဆောက်တည်ကြသူများ၊ စတုဒိသာကျွေးမွေးလှူဒါန်းကြသူများဖြင့် စည်ကားခဲ့ပြီး ဇီဝိတဒါနအဖြစ် ငါးနှင့် ငှက်များကို ဘေးမဲ့လွှတ်ကြခြင်းဖြင့်လည်း ကုသိုလ်ကောင်းမှုများပြုလုပ်ခဲ့။
- ရန်ကုန်မြို့ရှိ ရွှေတိဂုံစေတီတော်အပါအဝင် တန်ခိုးကြီးဘုရားများသို့ ဘုရားဖူးလာပြည်သူများဖြင့် စည်ကားခဲ့ရာ မြတ်စွာဘုရားရှင်အား ဆွမ်းတော်ကြီးနှင့် ဆွမ်း၊ ပန်း၊ ရေချမ်း၊ သစ်သီး၊ ဆီမီးများ ဆက်ကပ်လှူဒါန်းမှုများ တွေ့မြင်ခဲ့ရပြီး ဘုရားဖူးလာပြည်သူများအား ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့နှင့် အလှူရှင်များက စတုဒိသာများ ကျွေးမွေးလှူဒါန်းခဲ့။
- မန္တလေးမြို့ရှိ မဟာမုနိရုပ်ပွားတော်မြတ်အပါအဝင် အခြားတန်ခိုးကြီးဘုရားစေတီများတွင် ဒေသခံပြည်သူများနှင့် အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလာပြည်သူများက ရွှေသင်္ကန်းကပ်လှူခြင်း၊ ပန်း၊ ဆီမီးပူဇော်ခြင်း၊ ရေသပ္ပါယ်ခြင်း၊ ဇီဝိတဒါန ငါးလွှတ်ခြင်း၊ ငါးစာကျွေးခြင်းစသည့် ကောင်းမှုအစုစုတို့ကို ကုသိုလ်ဘာဝနာပွားများကြသူများဖြင့် စည်ကားခဲ့ပြီး စေတနာရှင်အလှူရှင်များကလည်း စတုဒိသာအကျွေးအမွေးများဖြင့် ညှော်ခံခဲ့။
- နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ ပြည်ထောင်စုဝန်ကြီးဌာနများ၊ လူမှုရေးအသင်းအဖွဲ့များ၊ တိုင်းစစ်ဌာနချုပ်များအလိုက် တိုင်းမှူးများနှင့် အရာရှိ၊ စစ်သည်၊ မိသားစုများက ဆွမ်းဆန်တော် လှူဒါန်းခြင်း၊ ဇီဝိတဒါနစုပေါင်းငါးလွှတ်ခြင်း၊ သက်ကြီးဘိုးဘွားများအား ပူဇော်ကန်တော့ခြင်း၊ အလှူငွေများ၊ စားသောက်ဖွယ်ရာများ ပေးအပ်လှူဒါန်းခြင်းနှင့် ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းတို့ကို ဆောင်ရွက်ခဲ့။

မြန်မာ့နှစ်ဆန်းတစ်ရက်နေ့ဖြစ်သည့် အားလျော်စွာ ပြည်သူများက ဘုရား၊ ကျောင်းကန်များ၌ ဥပုသ်သီတင်း





**သံဃာတော်အရှင်သူမြတ်များနှင့် သီလရှင်များအား ဆွမ်းဆန်စိမ်းလောင်းလှူနေမှု**






**ဇီဝိတဒါန ငါးလွှတ်ပွဲပြုလုပ်နေမှု**


ဆောက်တည်ခြင်း၊ တိရစ္ဆာန်များအား ဇီဝိတဒါနဘေးမဲ့လွှတ်ခြင်း၊ အန္တရာယ်ကင်းပရိတ်တရားတော်များ ရွတ်ဖတ်ပူဇော်ခြင်း၊ သက်ကြီးဘိုးဘွားများ ပူဇော်ကန်တော့ကြပြီး ခေါင်းလျှော်ပေးခြင်း၊ ခြေသည်းလက်သည်းညှပ်ပေးခြင်း၊ စတုဒိသာကျွေးမွေးလှူဒါန်းခြင်း၊ ဆွမ်းဆန်စိမ်းလောင်းလှူခြင်းစသည့် ကုသိုလ်ကောင်းမှု အလှူဒါနအစုစုတို့ ကျင်းပကြသည်ကို မြန်မာပြည်အနှံ့ ကြည်နူးဖွယ်ရာတွေ့မြင်ရသည်မှာ မြန်မာတို့၏ဘိုးဘွားများလက်ထက်က စတင်ခဲ့သည့် ကောင်းမြတ်သော ရိုးရာယဉ်ကျေးမှု အစဉ်အလာ လက်ဆင့်ကမ်းအမွေအနှစ် ပုံရိပ်ကောင်းများပင် ဖြစ်ကြောင်း သိရှိရပါသည်။

**(ကြေးမုံသတင်းစာ ၁၈-၄-၂၀၂၂)**

- **၁၃၈၄ ခုနှစ် မြန်မာနှစ်ဆန်းတစ်ရက်နေ့အခါသမယတွင် ပြည်သူများက ဘုရား၊ ကျောင်းကန်များ၌ ဥပုသ်သီတင်းဆောက်တည်ခြင်း၊ ဇီဝိတဒါနဘေးမဲ့လွှတ်ခြင်း၊ အန္တရာယ်ကင်းပရိတ်တရားတော်များ ရွတ်ဖတ်ပူဇော်ခြင်း၊ သက်ကြီးဘိုးဘွားများအား ပူဇော်ကန်တော့ကြပြီး ခေါင်းလျှော်ပေးခြင်း၊ ခြေသည်းလက်သည်းညှပ်ပေးခြင်း၊ စတုဒိသာကျွေးမွေးလှူဒါန်းခြင်း၊ ဆွမ်းဆန်စိမ်းလောင်းလှူခြင်းစသည့် ကုသိုလ်ကောင်းမှု အလှူဒါနအစုစုတို့ ကျင်းပကြသည်ကို မြန်မာပြည်အနှံ့ ကြည်နူးဖွယ်ရာ တွေ့မြင်ရသည်မှာ မြန်မာတို့၏ဘိုးဘွားများလက်ထက်က စတင်ခဲ့သည့် ကောင်းမြတ်သော ရိုးရာယဉ်ကျေးမှုအစဉ်အလာ လက်ဆင့်ကမ်းအမွေအနှစ် ပုံရိပ်ကောင်းများပင်ဖြစ်။**

## မြန်မာ့နှစ်ဆန်းတစ်ရက်နေ့တွင် နိုင်ငံတစ်ဝန်း ကုသိုလ်ကောင်းမှုပြုသူများဖြင့် စည်ကားနေသည့် မှတ်တမ်းဓာတ်ပုံများ













# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံးအပါအဝင် တိုင်းနှင့်ပြည်နယ်တို့တွင် မြန်မာ့နှစ်သစ်ကူး အန္တရာယ်ကင်း ပရိတ်တရားတော်နာယူပွဲ အခမ်းအနားကျင်းပ





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌရုံးအပါအဝင် တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် မြန်မာ့နှစ်သစ်ကူး အန္တရာယ်ကင်းပရိတ်တရားတော်နာယူပွဲ အခမ်းအနားများကို ဧပြီလ ၁၇ ရက်က ကျင်းပပြုလုပ်ခဲ့ရာ-

- (၁၄) ကြိမ်မြောက် နှစ်သစ်မင်္ဂလာ အန္တရာယ်ကင်းပရိတ်တရားတော်နာယူပွဲ မင်္ဂလာအခမ်းအနားကို နေပြည်တော် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး၌ ကျင်းပပြုလုပ်ခဲ့ရာ လယ်ဝေးမြို့ ပေါက်မြိုင်ကျောင်းတိုက် ပဓာနနာယကဆရာတော်နှင့် သံဃာတော်များက ပရိတ်တရားတော်များ ရွတ်ဖတ်သရဇ္ဈာယ်တော်မူခဲ့ကြပြီး ဆရာတော်များနှင့် သံဃာတော်များက ကမ္ဘာသူ၊ ကမ္ဘာသားများနှင့် မြန်မာနိုင်ငံသူ၊ နိုင်ငံသားများ ကျန်းမာချမ်းသာ၍ ဘေးန္တရာယ်ကင်းရှင်းစေရန် နေပြည်တော်ကောင်စီနယ်မြေအတွင်း ရဟတ်ယာဉ်ဖြင့် လှည့်လည်၍ နှစ်သစ်ဦးမင်္ဂလာ အန္တရာယ်ကင်းပရိတ်တရားတော်များကို ရွတ်ဖတ်ပြီး ပရိတ်ရေများ ဖျန်းပက်ခဲ့။
- နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ မြန်မာ့နှစ်သစ်ကူး အန္တရာယ်ကင်း ပရိတ်တရားတော်နာယူပွဲကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံးတွင် ကျင်းပပြုလုပ်ခဲ့ရာ ဆရာတော်၊ သံဃာတော်များထံမှ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး အောင်လင်းဒွေးနှင့် တာဝန်ရှိသူများက မြန်မာ့နှစ်သစ်ကူးအန္တရာယ်ကင်း ပရိတ်တရားတော်များ တက်ရောက်နာယူခဲ့။
- ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကဖွဲ့မှ နှစ်သစ်ကူး အန္တရာယ်ကင်းပရိတ်တရားတော်များ ရွတ်ဖတ်ပူဇော်ပွဲနှင့် ရွှေတိဂုံစေတီတော် ဩဝါဒါစရိယဆရာတော်ကြီးများထံမှ နှစ်သစ်ကူး အန္တရာယ်ကင်းပရိတ်တရားတော်များကို စေတီတော်ရင်ပြင်၌ နာယူခဲ့။
- သီရိမင်္ဂလာကမ္ဘာအေးစေတီတော် ဂေါပကအဖွဲ့ကကြီးမှူး၍ စေတီတော်မြတ်ကြီးအား ဗုဒ္ဓဘိသေကအနေကဇာတင်ပွဲနှင့် အန္တရာယ်ကင်းပရိတ်တရားတော်များ ရွတ်ဖတ်ပူဇော်ပွဲကို စေတီတော်မြတ်ကြီး၏ ဂန္ဓကုဋီတိုက်အတွင်း၌ ကျင်းပခဲ့ကြပြီး ဩဝါဒါစရိယဆရာတော်များက အန္တရာယ်ကင်းပရိတ်တရားတော်များ ချီးမြှင့်ခဲ့။
- ရဒါဌာ ဓါတုစေတိယ စွယ်တော်မြတ်စေတီတော်(ရန်ကုန်) ဂေါပကအဖွဲ့ကြီးမှူး၍ (၂၄)ကြိမ်မြောက် နှစ်သစ်မင်္ဂလာ အခါတော်နေ့ အန္တရာယ်ကင်းပရိတ်တရားတော်ပွဲကို စေတီတော်လှိုဏ်ဂူအတွင်း၌ ကျင်းပရာ ဂေါပကအဖွဲ့နှင့် ဒေသ့ ပရိတ်သတ်များက ဆရာတော်၊ သံဃာတော်များထံမှ ပရိတ်တရားတော်များ နာယူခဲ့။

မြန်မာ့နှစ်ဆန်းတစ်ရက်နေ့တွင် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ မြို့နယ်များ၊ ရပ်ကွက်များ၊ တိုင်းစစ်ဌာနချုပ်များနှင့် တပ်ရင်း/တပ်ဖွဲ့ အသီးသီးတို့၌ အန္တရာယ်ကင်းပရိတ်တရားတော်များ ရွတ်ဖတ်ပူဇော်ခြင်း၊ ဇီဝိတဒါနငါးလွှတ်ခြင်း၊ သက်ကြီးဘိုးဘွားများအား ပူဇော်ကန်တော့ခြင်း၊ အလှူငွေများနှင့် စားသောက်ဖွယ်ရာများကို ပေးအပ်လှူဒါန်းခဲ့ကြကြောင်း သိရှိရပါသည်။

**(မြန်မာ့အလင်းသတင်းစာ ၁၈-၄-၂၀၂၂)**



- **မြန်မာ့နှစ်ဆန်း ၁ ရက်နေ့တွင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့တွင် ဆရာတော်၊ သံဃာတော်များ ပင့်ဖိတ်၍ နှစ်သစ်မင်္ဂလာ အန္တရာယ်ကင်းပရိတ်တရားတော်များ ရွတ်ဖတ်ခဲ့ကြပြီး ဆရာတော်၊ သံဃာတော်များက နေပြည်တော်ကောင်စီနယ်မြေအတွင်း ရဟတ်ယာဉ်ဖြင့် လှည့်လည်၍ နှစ်သစ်ဦးမင်္ဂလာ အန္တရာယ်ကင်းပရိတ်တရားတော်များ ရွတ်ဖတ်ပြီး ပရိတ်ရေများ ဖျန်းပက်ခဲ့။**

## မန္တလေးမြို့ ရတနာပုံဥယျာဉ်ဖွင့်ပွဲအခမ်းအနားကျင်းပ

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူမင်းအောင်လှိုင်၏ လမ်းညွှန်မှုဖြင့် အများပြည်သူများ စိတ်အေးချမ်းသာစွာ အနားယူအပန်းဖြေနိုင်ရေးအတွက် ရတနာပုံဥယျာဉ်ကြီးအား ၂၀၂၁ ခုနှစ်၊ အောက်တိုဘာ ၂ ရက်မှ စတင်ဆောက်လုပ်ခဲ့ရာ ၂၀၂၂ ခုနှစ်၊ ဧပြီ ၉ ရက်တွင် တည်ဆောက်ပြီးစီးခဲ့သည့်အတွက် ဧပြီ ၁၃ ရက် သင်္ကြန်အကြိုနေ့တွင် ရတနာပုံဥယျာဉ်ဖွင့်ပွဲအခမ်းအနားကို အဆိုပါဥယျာဉ်တည်ရှိရာ နန်းမြို့ရိုးနှင့် ကျုံးရေပြင်ကြားတွင် အောင်မြင်စွာ ကျင်းပခဲ့ပါသည်။

ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့် တာဝန်ရှိသူများက အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ကြပြီး ဝန်ကြီးချုပ်က ရတနာပုံဥယျာဉ်ဖွင့်ပွဲအထိမ်းအမှတ် ကမ္ပည်းမော်ကွန်းကျောက်စာအား စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးခဲ့ပါသည်။

ထို့နောက် မန္တလေးမြို့ရတနာပုံဥယျာဉ် ဖွင့်ပွဲအထိမ်းအမှတ်အမှတ်တရ လက်ဆောင်များပေးအပ်ကြ၍ မန်းကျုံးရေပြင်ရတနာပုံခေတ်လှေ အလှသရုပ်ပြမှုနှင့် လှည်းယဉ်ကျေးတင်ဆက်မှု၊ မင်္ဂလာဆိုင်းဝိုင်းကြီးနှင့်တွဲဖက်၍ အဆိုအကများဖြင့် ဖျော်ဖြေတင်ဆက်မှုများကို ကြည့်ရှုအားပေးကာ အခမ်းအနားကို ရုပ်သိမ်းခဲ့ပါသည်။

အဆိုပါ ရတနာပုံဥယျာဉ်ကို ကျုံးမြို့ရိုး၊ ပြအိုး အလှများဖြင့် ရှုမငြီးလှသည့် နန်းမြို့ရိုးနှင့် ကျုံးရေပြင်တို့အကြားတွင် တည်ဆောက်ထားခြင်းဖြစ်ပြီး ရတနာပုံဥယျာဉ်စီမံကိန်းကို မန္တလေးကျုံးနှင့် မြို့ရိုးပတ်လည်တွင် အများပြည်သူများ အပန်းဖြေနိုင်ရေးနှင့် ကျန်းမာရေးအတွက် အားကစားလှုပ်ရှားမှုများ ဆောင်ရွက်ရန်၊ ရှေးဟောင်းမြန်မာ့ယဉ်ကျေးမှု အမွေအနှစ်များအား ပြည်တွင်း၊ ပြည်ပခရီးသွားဧည့်သည်များ လေ့လာသိရှိစေရန်ရည်ရွယ်၍ တည်ဆောက်ဖွင့်လှစ်ခဲ့ခြင်းဖြစ်ကြောင်း သိရှိရပါသည်။

**(မြန်မာ့အလင်းသတင်းစာ ၁၄-၄-၂၀၂၂)**






မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်က ရတနာပုံဥယျာဉ်ဖွင့်ပွဲအထိမ်းအမှတ် ကမ္ပည်းမော်ကွန်းကျောက်စာအား ဖွင့်လှစ်ပေးနေမှု






မန်းကျုံးရေပြင် ရတနာပုံခေတ်လှေအလှသရုပ်ပြမှုနှင့် လှည်းယဉ်ကျေးတင်ဆက်နေမှု

- နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူမင်းအောင်လှိုင်၏ လမ်းညွှန်မှုဖြင့် အများပြည်သူများ စိတ်အေးချမ်းသာစွာ အနားယူအပန်းဖြေနိုင်ရေးအတွက် ရတနာပုံဥယျာဉ်ကြီးအား ၂၀၂၁ ခုနှစ်၊ အောက်တိုဘာ ၂ ရက်မှ စတင်ဆောက်လုပ်ခဲ့ရာ ၂၀၂၂ ခုနှစ်၊ မေ ၉ ရက်တွင် တည်ဆောက်ပြီးစီးခဲ့သည့်အတွက် မေ ၁၃ ရက် သင်္ကြန်အကြိုနေ့တွင် ဥယျာဉ်ဖွင့်ပွဲအခမ်းအနားကို အောင်မြင်စွာ ကျင်းပခဲ့။
- ရတနာပုံဥယျာဉ်စီမံကိန်းကို မန္တလေးကျုံးနှင့် မြို့ရိုးပတ်လည်တွင် အများပြည်သူများအပန်းဖြေနိုင်ရေးနှင့် ကျန်းမာရေးအတွက် အားကစားလှုပ်ရှားမှုများဆောင်ရွက်ရန်၊ ရှေးဟောင်းမြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များအား ပြည်တွင်း၊ ပြည်ပခရီးသွားဧည့်သည်များ လေ့လာသိရှိစေရန် ရည်ရွယ်၍ တည်ဆောက်ဖွင့်လှစ်ခဲ့ခြင်းဖြစ်။

# ကိုဗစ်-၁၉ ရောဂါကြောင့် ရုပ်ရှင်ပြသမှု ရပ်နားခဲ့ရသော ရုပ်ရှင်ရုံများ ပြန်လည်ဖွင့်လှစ်ပြသ





ကိုဗစ်-၁၉ ရောဂါကြောင့် ရုပ်ရှင်ပြသမှုရပ်နားခဲ့ရသော ရုပ်ရှင်ရုံများကို မြန်မာနှစ်ဆန်း ၁ ရက် (ဧပြီလ ၁၇ ရက်) တွင် ပြန်လည်ဖွင့်လှစ်ပြသခဲ့ရာ ပြန်ကြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်တို့က ရန်ကုန်မြို့၊ ဒဂုံမြို့နယ်ရှိ သမ္မတရုပ်ရှင်ရုံ၌ ပြသသည့် မြန်မာရုပ်ရှင်ဇာတ်ကားကို ရုပ်ရှင်ချစ်မြတ်နိုးသူပြည်သူများနှင့်အတူ ကြည့်ရှုအားပေးခဲ့ကြပါသည်။

ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက သမ္မတရုပ်ရှင်ရုံ၌ ရုပ်ရှင်/ဂီတနယ်ပယ်အသီးသီးမှ ထုတ်လုပ်သူများ၊ အနုပညာရှင်များနှင့် တွေ့ဆုံစဉ်-

- နိုင်ငံတော်ဝန်ကြီးချုပ်က ရုပ်ရှင်လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးနှင့် အနုပညာရှင်များ စားဝတ်နေရေး အဆင်ပြေချောမွေ့စေရေးအတွက် လိုအပ်သည်များ ကူညီဆောင်ရွက်ပေးရန် လမ်းညွှန်ထားကြောင်း။
- ယနေ့အချိန်အခါတွင် မသမာသူအဖျက်သမားများက ရုပ်ရှင်ရုံများ ပြန်လည်ဖွင့်လှစ်ပြသမှုများကို နည်းအမျိုးမျိုးဖြင့် ခြိမ်းခြောက်ဟန့်တားကာ အဖျက်အမှောင့်လုပ်ငန်းများ လုပ်ဆောင်နေကြသည်ကို ကြားသိရသည့်အတွက် စိတ်မကောင်းဖြစ်မိကြောင်း။
- အနုပညာရှင်များသည်လည်း လူသားများဖြစ်သည့်အတွက် ၎င်းတို့၏မိသားစု စားဝတ်နေရေးအတွက် အနုပညာလုပ်ငန်းများကို ပြန်လည်လုပ်ကိုင်ခွင့်ပေးကြရမည်ဖြစ်ကြောင်း။
- အနုပညာလုပ်ငန်းများအား ရိုးသားစွာ လုပ်ကိုင်ဆောင်ရွက်နေသူများသည် နိုင်ငံရေးနှင့်ပတ်သက်ဆက်နွှယ်ခြင်း မရှိသည့်အတွက် ၎င်းတို့အား ပြစ်တင်ဝေဖန်တိုက်ခိုက်မှုများ ပြုလုပ်နေခြင်းများကို မပြုလုပ်သင့်ကြောင်း ပြောကြားခဲ့ပါသည်။

မြန်မာနှစ်ဆန်း ၁ ရက်နေ့တွင် မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ ရုပ်ရှင်ရုံ ၄၈ ရုံအား ပြန်လည်ဖွင့်လှစ်ပြသလျက်ရှိရာ မြန်မာဇာတ်ကားများနှင့် နိုင်ငံခြားဇာတ်ကားများကို ရုံတင်ပြသလျက်ရှိပြီး ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် ရုပ်ရှင်ရုံများ၏ လုံခြုံရေးဆိုင်ရာများ၊ လျှပ်စစ်မီးရရှိရေးများအပါအဝင် အခြားလိုအပ်သည်များ ကူညီဆောင်ရွက်ပေးနိုင်ရေးအတွက် သက်ဆိုင်ရာတိုင်းဒေသကြီး/ ပြည်နယ်အစိုးရများနှင့် ညှိနှိုင်းပူးပေါင်းကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရှိရပါသည်။

**(မြန်မာ့အလင်းသတင်းစာ ၁၈-၄-၂၀၂၂)**

- **မြန်မာနှစ်ဆန်း ၁ ရက်နေ့( ဧပြီလ ၁၇ ရက်)တွင် မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ ရုပ်ရှင်ရုံ ၄၈ ရုံအား ပြန်လည်ဖွင့်လှစ်ပြသလျက်ရှိ။**
- **နိုင်ငံတော်ဝန်ကြီးချုပ်က ရုပ်ရှင်လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးနှင့် အနုပညာရှင်များ စားဝတ်နေရေး အဆင်ပြေချောမွေ့စေရေးအတွက် လိုအပ်သည်များ ကူညီဆောင်ရွက်ပေးရန် လမ်းညွှန်ထား။**

## PDF အကြမ်းဖက်အဖွဲ့က ကျောင်းထိုင်ဆရာတော် ၁ ပါးနှင့် ဒုလ္လဘရဟန်း ၂ ပါးအား သေနတ်များဖြင့် ရက်စက်စွာ ပစ်ခတ်သတ်ဖြတ်

NUG အဖွဲ့၏စေခိုင်းချက်အရ PDF အကြမ်းဖက်သမားများသည် ငါနှင့်မတူ ငါ့ရန်သူ အယူအဆဖြင့် ၎င်းတို့ကို မထောက်ခံသည့် အပြစ်မဲ့ပြည်သူများအား ရက်ရက်စက်စက် လက်နက်အားကိုး၍ သတ်ဖြတ်ခြင်းများ ပြုလုပ်လျက်ရှိသည့် အပြင် ဗုဒ္ဓဘာသာဝင်မြန်မာလူမျိုးများ၏ အထွဋ်အမြတ် ထားရာ သာသနာပိုင်အဆောက်အဦများကိုပါ အကြမ်းဖက်ပစ် ခတ်တိုက်ခိုက်ခြင်း၊ မိုင်းထောင်ဖောက်ခွဲခြင်းနှင့် ရဟန်းသံဃာတော်များအား ဖမ်းဆီးခေါ်ဆောင်သတ်ဖြတ်ခြင်းများအား စိတ်နှလုံး ညှိုးနွမ်းဖွယ် ရက်စက်စွာ လုပ်ဆောင်လျက်ရှိပါသည်။

- ဧပြီလ ၁၃ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး၊ ကျွန်းလှမြို့နယ်၊ ရွာကုန်းကြီးကျေးရွာရှိ ဘုန်းတော်ကြီးကျောင်းဝင်းအတွင်းသို့ PDF အကြမ်းဖက်အဖွဲ့က ဝင်ရောက်လာပြီး ကျောင်းထိုင်ဆရာတော် ဥူးပညာသာရ(ခ) ဦးဆန်းမောင် (၅၃)နှစ် (၃၃)ဝါအား ဘုန်းတော်ကြီးကျောင်းဝင်းအတွင်းရှိ ဆွမ်းချက်ဆောင်သို့ ဖမ်းဆီးခေါ်ဆောင်၍ သေနတ်ဖြင့် ဝိုင်းဝန်းပစ်ခတ်သတ်ဖြတ်ခဲ့သဖြင့် ကျောင်းထိုင်ဆရာတော်တွင် ကျည်ထိမှန်ဒဏ်ရာများရရှိကာ အခင်းဖြစ်နေရာ၌ သေဆုံးသွားခဲ့။
- အလားတူ ဧပြီလ ၁၄ ရက်တွင် ထီးချိုင့်မြို့နယ်၊ တုံလုံကျေးရွာရှိ ရွှေသုဝဏ်ဘုန်းကြီးကျောင်းတွင် ဒုလ္လဘရဟန်း ဝတ်နေသူ တုံလုံကျေးရွာနေ ဦးမြင့်ဦး (၅၃)နှစ်နှင့် ဦးစိုးတင့်(၅၃)နှစ်တို့အား PDF အကြမ်းဖက်အဖွဲ့က ဆိုင်ကယ် ၅ စီးဖြင့် ရောက်ရှိလာပြီး ၎င်းတို့ ၂ ဦးအား ဘုန်းတော်ကြီးကျောင်းအောက်သို့ ဖမ်းဆီးခေါ်ဆောင်၍ ဦးမြင့်ဦးအား ကျောင်းလှေကားရင်း၌ လည်းကောင်း၊ ဦးစိုးတင့်အား ဘုန်းကြီးကျောင်းမုခ်ဝတွင်သေနတ်ဖြင့် ပစ်ခတ်သတ်ဖြတ်ခဲ့သဖြင့် အခင်းဖြစ်နေရာ၌ သေဆုံးသွားခဲ့။

ထိုကဲ့သို့ သာသနာ့အနွယ်ဝင် သံဃာတော်များအား သေနတ်ဖြင့် ရက်စက်စွာ ပစ်ခတ်သတ်ဖြတ်ခဲ့သည့် အကြမ်းဖက်သမားများအား ဖော်ထုတ်ဖမ်းဆီးရမိနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက လုံခြုံရေးလုပ်ငန်းစဉ်များနှင့်အညီ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်းနှင့် အကြမ်းဖက်သမားများ၏ ရက်စက်စွာ သတ်ဖြတ်မှုကြောင့် ဧပြီလ ၁၄ ရက်အထိ သေဆုံးသူ ရဟန်းသံဃာတော် ၃၈ ပါး၊ သီလရှင် ၁ ပါး၊ ဒဏ်ရာရရှိသူ ရဟန်းသံဃာတော် ၁၂ ပါးနှင့် ပျောက်ဆုံးသံဃာ ၃ ပါးတို့ရှိပြီဖြစ်ကြောင်း သိရှိရပါသည်။

**(ကြေးမုံသတင်းစာ ၁၄-၄-၂၀၂၂)**

- **PDF အကြမ်းဖက်အဖွဲ့က စစ်ကိုင်းတိုင်းဒေသကြီး၊ ကျွန်းလှမြို့နယ်၊ ရွာကုန်းကြီးကျေးရွာရှိ ကျောင်းထိုင် ဆရာတော် ဥူးပညာသာရ(ခ) ဦးဆန်းမောင် (၅၃)နှစ် (၃၃)ဝါအား ဘုန်းတော်ကြီးကျောင်းဝင်းအတွင်းရှိ ဆွမ်းချက်ဆောင်သို့ ဖမ်းဆီးခေါ်ဆောင်၍ သေနတ်ဖြင့် ဝိုင်းဝန်းပစ်ခတ်သတ်ဖြတ်ခဲ့။**
- **PDF အကြမ်းဖက်အဖွဲ့က ထီးချိုင့်မြို့နယ်၊ တုံလုံကျေးရွာရှိ ရွှေသုဝဏ်ဘုန်းကြီးကျောင်းတွင် ဒုလ္လဘရဟန်းဝတ်နေသူ ဦးမြင့်ဦး (၅၃)နှစ်နှင့် ဦးစိုးတင့် (၅၃)နှစ်တို့အား ဘုန်းတော်ကြီးကျောင်းအောက်သို့ ဖမ်းဆီးခေါ်ဆောင်၍ သေနတ်ဖြင့် ပစ်ခတ်သတ်ဖြတ်ခဲ့။**
- **အကြမ်းဖက်သမားများ၏ ရက်စက်စွာ သတ်ဖြတ်မှုကြောင့် ဧပြီလ ၁၄ ရက်အထိ သေဆုံးသူ ရဟန်းသံဃာတော် ၃၈ ပါး၊ သီလရှင် ၁ ပါး၊ ဒဏ်ရာရရှိသူ ရဟန်းသံဃာတော် ၁၂ ပါးနှင့် ပျောက်ဆုံးသံဃာ ၃ ပါးတို့ရှိပြီဖြစ်။**

# လေးကေ့ကော်မြို့သစ်အတွင်း PDF အကြမ်းဖက်ပူးပေါင်းအဖွဲ့များ ခိုအောင်းနေထိုင်လျက်ရှိသဖြင့် တပ်မတော်စစ်ကြောင်းများက သွားရောက်၍ လိုအပ်သည့် လုံခြုံရေးလုပ်ငန်းများဆောင်ရွက်




**အကြမ်းဖက်အဖွဲ့များ ပြည်သူလူထု၏ နေအိမ်များကို အကာအကွယ်ပြုလုပ်၍ ပစ်ခတ်တိုက်ခိုက်ခဲ့မှု**

ကရင်ပြည်နယ်၊ မြဝတီမြို့နယ်၊ လေးကေ့ကော်မြို့သစ်အတွင်း KNU/KNLA အဖွဲ့မှ အကြမ်းဖက်မှုကို လိုလားပြီး NCA ကို ဖျက်ဆီးစေလိုသည့် ခေါင်းဆောင်တစ်ချို့ ပါဝင်သောအဖွဲ့နှင့် PDF အကြမ်းဖက်အဖွဲ့များက လူသားချင်းစာနာထောက်ထားမှု အကြောင်းအရာအောက်၌ ခိုအောင်းပြီး အကြမ်းဖက်မှုများကို အားပေးအားမြှောက် ပြုလုပ်လျက်ရှိသဖြင့် တပ်မတော်က ၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလ နောက်ဆုံးအပတ်တွင် လိုအပ်သည့်လုံခြုံရေးလုပ်ငန်းများဆောင်ရွက်ပြီး ဒေသခံပြည်သူများ အေးချမ်းစွာ နေထိုင်နိုင်ရေး ဆောင်ရွက်ပေးခဲ့ပါသည်။

ထိုသို့ ဆောင်ရွက်ပေးခဲ့မှုကြောင့် ဒေသခံပြည်သူများ အေးချမ်းစွာနေထိုင်လျက်ရှိစဉ် အဆိုပါအကြမ်းဖက်အဖွဲ့များသည် လေးကေ့ကော်မြို့သစ်၊ အမှတ်(၆) ရပ်ကွက်အတွင်းရှိ လူနေအိမ်များ၌လည်းကောင်း၊ ဒေသအခေါ် တြိဂံကုန်း၊ လင်းယုန်ကုန်းနှင့် ရသေ့ဂူကျေးရွာတို့၌လည်းကောင်း ပြည်သူလူထုကို အကာအကွယ်ရယူ၍ အကြမ်းဖက်လုပ်ရပ်များဆောင်ရွက်ရန် စုဖွဲ့နေထိုင်လျက်ရှိကြောင်း တာဝန်သိပြည်သူတစ်ဦး၏ ပြောကြားမှုကြောင့် သိရှိရပါသည်။ ထို့ကြောင့်တပ်မတော်စစ်ကြောင်းများအနေဖြင့် ဧပြီလ ၁၀ ရက်တွင် လေးကေ့ကော်မြို့သစ်အတွင်း လိုအပ်သည့် လုံခြုံရေးလုပ်ငန်းများဆောင်ရွက်ရန် သွားရောက်စဉ် အဆိုပါအကြမ်းဖက်အဖွဲ့များက အမှတ်(၆) ရပ်ကွက်အတွင်းရှိ လူနေအိမ်များအား အကာအကွယ်ရယူကာ ချောင်းမြောင်းပစ်ခတ်တိုက်ခိုက်ခဲ့ပါသည်။

တပ်မတော်အနေဖြင့်လည်း ထုတ်ပြန်ထားသည့် ROE နှင့်အညီ လိုအပ်သည့် အင်အားထပ်မံဖြည့်တင်းပြီး လေကြောင်းပစ်ကူရယူပြီး ရန်သူပစ်မှတ်နှင့် ရန်သူ့နေရာများအား ချေမှုန်းတိုက်ခိုက်ခဲ့ရာ သောင်းကျန်းသူများသည် ဖရိုဖရဲဆုတ်ခွာထွက်ပြေးသွားခဲ့၍ တပ်မတော်မှအရာရှိ၊ စစ်သည်အချို့ ထိခိုက်ဒဏ်ရာများ ရရှိခဲ့ပါသည်။ တပ်မတော်စစ်ကြောင်းများက လေးကေ့ကော်မြို့သစ်အတွင်း အသေးစိတ်စစ်ဆေးခဲ့ရာ အကြမ်းဖက်အဖွဲ့များ နေထိုင်ခဲ့သည့်နေရာများ၊ ပစ်ကျင်းများ၊ ဆက်သွယ်ရေးမြောင်းများ၊ ထိခိုက်ဒဏ်ရာရရှိသည့်အကြမ်းဖက်သမားများအား ဆေးဝါးကုသပေးခဲ့သည့်နေရာများနှင့် ပြည်သူများ၏နေအိမ်ကို အကာအကွယ်ရယူ၍ ပစ်ခတ်ခဲ့သည့် နေရာများအား စစ်ဆေးတွေ့ရှိခဲ့ပါသည်။

တပ်မတော်အနေဖြင့် ထာဝရငြိမ်းချမ်းရေးရရှိစေရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး NCA ပါ သဘောတူညီချက်များကိုလည်း အလေးထား လိုက်နာဆောင်ရွက်လျက်ရှိသော်လည်း အချို့လက်နက်ကိုင်အဖွဲ့များအနေဖြင့် NCA သဘောတူညီချက်များအပေါ် ကျူးလွန်ဖောက်ဖျက်လျက်ရှိသည့်အပြင် ထာဝရငြိမ်းချမ်းရေးနှင့် ဒေသတည်ငြိမ်အေးချမ်းရေးတို့ကို ပျက်ပြားစေရန် ဆောင်ရွက်လျက်ရှိသည့်အတွက် တပ်မတော်အနေဖြင့် လိုအပ်သည့် လုံခြုံရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရပါသည်။

**(ကြေးမုံသတင်းစာ ၁၃-၄-၂၀၂၂)**





အကြမ်းဖက်အဖွဲ့များ ပြည်သူလူထု၏ နေအိမ်များကို အကာအကွယ်ပြုလုပ်၍ ပစ်ခတ်တိုက်ခိုက်ခဲ့မှုမှတ်တမ်းဓာတ်ပုံများ



အကြမ်းဖက်အဖွဲ့များ အသုံးပြုတိုက်ခိုက်ခဲ့သည့် လက်လုပ်မိုင်း မှတ်တမ်းဓာတ်ပုံ



အကြမ်းဖက်အဖွဲ့များ ပြည်သူလူထု၏ နေအိမ်များအတွင်း ဆေးဝါးကုသနိုင်ရေး လုပ်ဆောင်ခဲ့မှု

- လေးကော့ကော်မြို့သစ်အတွင်း PDF အကြမ်းဖက်ပူးပေါင်းအဖွဲ့များ ခိုအောင်းနေထိုင်လျက်ရှိသဖြင့် တပ်မတော်စစ်ကြောင်းများက သွားရောက်၍ လိုအပ်သည့် လုံခြုံရေးလုပ်ငန်းများဆောင်ရွက်ခဲ့ရာ အဆိုပါအကြမ်းဖက် အဖွဲ့များက လူနေအိမ်များအား အကာအကွယ်ရယူကာ ချောင်းမြောင်းပစ်ခတ်တိုက်ခိုက်ခဲ့၍ တပ်မတော်မှ အရာရှိ၊ စစ်သည်အချို့ ထိခိုက်ဒဏ်ရာများ ရရှိခဲ့။
- တပ်မတော်အနေဖြင့်လည်း ထုတ်ပြန်ထားသည့် ROE နှင့်အညီ လိုအပ်သည့် အင်အားထပ်မံဖြည့်တင်းပြီး လေကြောင်းပစ်ကူရယူပြီး ရန်သူပစ်မှတ်နှင့် ရန်သူနေရာများအား ချေမှုန်းတိုက်ခိုက်ခဲ့ရာ သောင်းကျန်းသူများသည် ဖရိုဖရဲ ဆုတ်ခွာထွက်ပြေးသွားခဲ့။
- တပ်မတော်စစ်ကြောင်းများက လေးကော့ကော်မြို့သစ်အတွင်း အသေးစိတ်စစ်ဆေးခဲ့ရာ အကြမ်းဖက်အဖွဲ့များ နေထိုင်ခဲ့သည့် နေရာများ၊ ပစ်ကျင်းများ၊ ဆက်သွယ်ရေးမြောင်းများ၊ ထိခိုက်ဒဏ်ရာရရှိသည့် အကြမ်းဖက်သမားများအား ဆေးဝါးကုသပေးခဲ့သည့်နေရာများနှင့် ပြည်သူများ၏နေအိမ်ကို အကာအကွယ်ရယူ၍ ပစ်ခတ်ခဲ့သည့် နေရာများအား စစ်ဆေးတွေ့ရှိခဲ့။

# သကြင်္န်ကာလအတွင်း ရန်ကုန်မြို့၌ ဖောက်ခွဲဖျက်ဆီးရေးလုပ်ငန်းများ ဆောင်ရွက်မည့် အကြမ်းဖက်အဖွဲ့ဝင်များအား လက်နက်/ခဲယမ်းများနှင့်အတူ ဖမ်းဆီးရမိ



**မင်္ဂလာဒုံမြို့နယ်၊ ပုလဲမြို့သစ်၊ ကျွန်းရွှေဝါလမ်းရှိ ရှမွေလ(ခ)ဦးရှင်ကြီး၏နေအိမ်၌ သိမ်းဆည်းရမိသည့် လက်နက်/ခဲယမ်းနှင့် ဖောက်ခွဲဖျက်ဆီးရေးပစ္စည်းများ၏ မှတ်တမ်းဓာတ်ပုံ**

နိုင်ငံတော်အစိုးရအနေဖြင့် CRPH၊ NUG နှင့် PDF အကြမ်းဖက်အဖွဲ့များမှ ပြည်သူလူထုအား လုပ်ကြံသတ်ဖြတ်ခြင်းနှင့် နိုင်ငံတော်အစိုးရ၏အုပ်ချုပ်မှုယန္တရား ပျက်ပြားစေရန်အတွက် နိုင်ငံတော်အစိုးရနှင့် ချိတ်ဆက်ဆောင်ရွက်လျက်ရှိသည့် ပြည်သူလူထုပိုင် အဆောက်အဦများအား အကြောင်းမဲ့ ဖောက်ခွဲဖျက်ဆီးခြင်း၊ သင်္ကြန်ကာလအတွင်း အပြစ်မဲ့ပြည်သူများအား ထိတ်လန့်ကြောက်ရွံ့စေရန် ဖောက်ခွဲဖျက်ဆီးခြင်း စသည့် အကြမ်းဖက်လုပ်ရပ်များအား ဆောင်ရွက်နိုင်မှုမရှိစေရေး ဖော်ထုတ်ဖမ်းဆီးခြင်းများအား နေ့/ညမပြတ် ဆောင်ရွက်လျက်ရှိသည်။

- ၂၀၂၂ ခုနှစ်၊ ဧပြီလ ၅ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၌ သီရိဝေ(ခ)မဝေ(၂၈)နှစ်၊ မင်္ဂလာဒုံမြို့နယ်၌ တရားခံ ၉ ဦး၊ လှိုင်သာယာမြို့နယ်၌ God of Death (GOD) အမည်ခံ အကြမ်းဖက်အဖွဲ့ဝင် ၃ ဦးနှင့် မရမ်းကုန်းမြို့နယ်၌ တရားခံ ၃ ဦး၊ ပေါင်း ၁၆ ဦးတို့အား M-16 ၁ လက်၊ MK-12 ၁ လက်၊ ပွိုင့်-22 ၁ လက်၊ လက်လုပ်သေနတ် ၉ လက်၊ လက်လုပ်မိုင်းမျိုးစုံ ၂၁ လုံး၊ ကျည်မျိုးစုံ ၁၇၆၅ တောင့်၊ ကျည်အိမ် ၄ ခု၊ MK-12 ပြောင်းကာ ၁ ခု၊ MK-12 ဒင် ၁ ခု၊ မှန်ပြောင်း ၂ လက်၊ အသံတိတ်ပြောင်း ၁ ခု၊ ဒီတိုနေတာ ၅၀၀ ချောင်း၊ အဝေးထိန်းခလုတ် ၇ ခု၊ ယမ်းချောင်း ၈၀ ချောင်း၊ လက်လုပ်သေနတ်နှင့် လက်လုပ်မိုင်းပြုလုပ်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိခဲ့။
- ဧပြီလ ၁၁ ရက်တွင် ဗဟန်းမြို့နယ်၊ မြန်မာပလာဇာ၊ မြေညီထပ်ရှိ Harry's Bar ဝင်/ထွက်ပေါက်အနီးတွင် ပေါက်ကွဲမှုဖြစ်ပွားခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များသည် တရားခံများအား အမြန်ဆုံးဖမ်းဆီးရမိရေး ဆောင်ရွက်ခဲ့ရာ ဧပြီလ ၁၃ ရက်တွင် တာမွေမြို့နယ်၊ နတ်မောက်ရပ်ကွက်၊ ဖိုးစိန်လမ်းတွင် မသင်္ကာဖွယ် လူ ၃ ဦးအား တွေ့ရှိရသဖြင့် စစ်ဆေးမေးမြန်းရန် ရပ်တန့်ခိုင်းစဉ် ၎င်းတို့မှ အသင့်ယူဆောင်လာသော သေနတ်ဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအား ပြန်လည်ပစ်ခတ်ထွက်ပြေးသွားခဲ့။
- လုံခြုံရေးတပ်ဖွဲ့ဝင်များက တရားခံများအား လိုက်လံပစ်ခတ်ဖမ်းဆီးခဲ့ရာ ခန့်ကြည်သာ(၂၅)နှစ်၊ ဟိန်းထက်နိုင်(၁၇)နှစ်နှင့် တင့်ထူးနိုင်(ခ) ဂူးဂူး(၁၈)နှစ်တို့ ၃ ဦးအား Sig



**မင်္ဂလာဒုံမြို့နယ်၊ ရွှေနံ့သာစံပြကျေးရွာ၊ စံပြ(၁၉)လမ်းရှိ Land of Grace Studio တွင် သိမ်းဆည်းရမိသည့် လက်နက်/ခဲယမ်းများ မှတ်တမ်းဓာတ်ပုံ**

Sauer အမျိုးအစား ပစ္စတို ၂ လက်၊ ကျည်အိမ် ၂ ခု၊၉ မမ ကျည် ၁၆ တောင့်၊ လက်ပစ်ဗုံး ၃ လုံးတို့နှင့်အတူ ဒဏ်ရာများဖြင့် ဖမ်းဆီးရမိခဲ့ပြီး ဒဏ်ရာရရှိထားသော တရားခံ တင့်ထူးနိုင်(ခ)ဂူးဂူးအား နီးစပ်ရာ ဆေးရုံသို့ ပို့ဆောင်စဉ် ရရှိဒဏ်ရာများဖြင့် သေဆုံးသွားခဲ့။

ဖမ်းဆီးရမိတရားခံများ၏ လှုပ်ရှားဆောင်ရွက်မှုများမှာ–

- ၂၀၂၁ ခုနှစ်၊ ဇူလိုင်လတွင် သီရိဝေ(ခ)မဝေ၊ ရှမွေလ(ခ) ဦးရှင်ကြီး၊ ကျော်ဇေဝင်း၊ သက်ပိုင်စိုးနှင့် အေးချမ်းကိုကိုတို့သည် ဖမ်းဆီးရန်ကျန် တရားခံ ကိုကျား၏ချိတ်ဆက်ပေးမှုဖြင့် KNLA တပ်မဟာ(၆) နယ်မြေ၌လည်းကောင်း၊ ဇွန်လခန့်တွင် ကျော်ကျော်အောင်(ခ)ကျော်ကြီးသည် လိုင်ဇာမြို့ရှိ KIA ဗဟိုဌာနချုပ်၌လည်းကောင်း အကြမ်းဖက်ဖောက်ခွဲရေးသင်တန်း ၁ လ တက်ရောက်ခဲ့ကြောင်း။
- ၂၀၂၁ ခုနှစ်၊ ဩဂုတ်လခန့်တွင် Union Myanmar civil Development (UMCD) အမည်ခံအကြမ်းဖက်အဖွဲ့အား ထိုင်းနိုင်ငံသို့ တိမ်းရှောင်နေသော ဖမ်းဆီးရန်ကျန်တရားခံ မာရီယာနှင့် သီရိဝေ(ခ) မဝေတို့ခေါင်းဆောင်၍ အင်အား ၁၀၀ ဦးခန့်ဖြင့်လည်းကောင်း၊ God of Death(GOD) အမည်ခံ အကြမ်းဖက်အဖွဲ့အား ၂၀၂၁ ခုနှစ်၊ အောက်တိုဘာလခန့်တွင် ဖမ်းဆီးရန်ကျန် တရားခံ စိုးလေး ခေါင်းဆောင်၍ အဖွဲ့ဝင် ၃၀ ဦးခန့်ဖြင့်လည်းကောင်း အသီးသီး ဖွဲ့စည်းခဲ့ကြောင်း။
- ဖောက်ခွဲဖျက်ဆီးရေး ပြုလုပ်ရန်အတွက် လိုအပ်သော ငွေကြေးများအား ဖမ်းဆီးရန်ကျန် တရားခံ မာရီယာထံမှ ရရှိခဲ့သည့်အပြင် KNLA တပ်မဟာ(၆) နယ်မြေ၌ သင်တန်းတက်ရောက်စဉ် လေ့ကျင့်ခန်းပြုလုပ်ခဲ့သည့် ဓာတ်ပုံ များအား လူမှုကွန်ရက်ပေါ်မှတစ်ဆင့်ဖြန့်ဝေ၍ ပြည်တွင်း/ပြည်ပရှိ အစွန်းရောက် NLD ပါတီဝင်များ၊ NUGI CRPH အမည်ခံ အကြမ်းဖက်အဖွဲ့များထံမှ လက်ခံရရှိခဲ့ကြောင်း။
- တရားခံ ဟိန်းထက်နိုင်သည် အစ်မဖြစ်သူ ဖမ်းဆီးရန်ကျန် တရားခံ ဟန်နီဝင်းနှင့်အတူ KNLA တပ်မဟာ(၇)၊ ရင်း(၁၀၁) ၌ ဧပြီလတွင် ၁ ကြိမ်၊ ဇွန်လတွင် ၁ ကြိမ်၊ စုစုပေါင်း ၂ ကြိမ် အကြမ်းဖက်ဖောက်ခွဲရေးသင်တန်းများ တက်ရောက်ခဲ့ကြောင်း။

UMCD နှင့် GOD အမည်ခံ အကြမ်းဖက်အဖွဲ့များသည် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ အများပြည်သူနှင့် သက်ဆိုင်သောနေရာ ၇ နေရာတွင် အကြမ်းဖက်ဖောက်ခွဲမှုများပြုလုပ်ရန် စီစဉ်ထားသည့်နေရာများမှာ–

- ဒဂုံမြို့နယ်၊ ပြည်လမ်းအရှေ့ရပ်ကွက်ရှိ ပိုင်အိုးနီးယားကလပ်။
- လှိုင်သာယာမြို့နယ်၊ ဘုရားလမ်းရှိ မော်ဒန်ဝမ်းတူး KTV ။





**တရားခံ ၃ ဦးနှင့်အတူ သိမ်းဆည်းရမိသည့် လက်နက်/ခဲယမ်းများ မှတ်တမ်းဓာတ်ပုံ**

- မြောက်ဥက္ကလာပမြို့နယ်၊ မြောက်ဥက္ကလာပအဝိုင်း။
- မရမ်းကုန်းမြို့နယ်ရှိ ကမ္ဘာအေးဗီလာ။
- ကြည့်မြင်တိုင်မြို့နယ်၊ ကမ်းနားလမ်းရှိ Sky Way club ။
- လှိုင်သာယာမြို့နယ်ရှိ ထွန်းဖောင်ဒေးရှင်းရုံး။
- ကျောက်တံတားမြို့နယ်၊ မဟာဗန္ဓုလပန်းခြံတို့ဖြစ်ကြောင်း ဖော်ထုတ်သိရှိရပါသည်။

တရားခံ ဟိန်းထက်နိုင်တို့ ၃ ဦးသည် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ အများပြည်သူနှင့် သက်ဆိုင်သောနေရာများတွင် အကြမ်းဖက်ဖောက်ခွဲမှုများနှင့် မီးရှို့ဖျက်ဆီးမှုများ ပြုလုပ်ခဲ့မှုများမှာ-


- ၂၀၂၂ ခုနှစ်၊ မတ်လ ၂၃ ရက်တွင် အလုံမြို့နယ်၊ သခင်မြပန်းခြံအနီး၌ YBS ယာဉ် ၁ စီးအား မီးရှို့ဖျက်ဆီးခဲ့။
- မတ်လ ၂၅ ရက်တွင် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်ရှိ KBZ ဘဏ်ခွဲ(၃)မှ ATM စက် ၁ လုံးအား မီးရှို့ဖျက်ဆီးခဲ့။
- ဧပြီလ ၁၁ ရက်တွင် ဗဟန်းမြို့နယ်၊ မြန်မာပလာဇာ၊ မြေညီထပ်ရှိ Harry's Bar အား လက်ပစ်ဗုံးဖြင့် ပစ်ခတ်ဖောက်ခွဲခဲ့ကြောင်း ဖော်ထုတ်သိရှိရပါသည်။

သို့ဖြစ်ပါ၍ ဖမ်းဆီးရမိတရားခံများအား ဥပဒေအရ ထိရောက်စွာ အရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရပါသည်။

**(ကြေးမုံသတင်းစာ ၁၇-၄-၂၀၂၂)**

- **သင်္ကြန်ကာလအတွင်း ရန်ကုန်မြို့၌ ဖောက်ခွဲဖျက်ဆီးရေးလုပ်ငန်းများ ဆောင်ရွက်မည့် အကြမ်းဖက်အဖွဲ့ဝင် ၁၆ ဦး အား လက်နက်/ခဲယမ်းများနှင့်အတူ ဖမ်းဆီးရမိခဲ့။**
- **ဗဟန်းမြို့နယ်၊ မြန်မာပလာဇာ၊ မြေညီထပ်ရှိ Harry's Bar ဝင်/ထွက်ပေါက်အနီးတွင် လက်ပစ်ဗုံးဖြင့် ပစ်ခတ်ဖောက်ခွဲခဲ့သည့် တရားခံ ၃ ဦးအား လိုက်လံဖမ်းဆီးခဲ့ရာ ၁ ဦး သေဆုံး၍ ကျန် ၂ ဦးအား Sig Sauer အမျိုးအစား ပစ္စတို ၂ လက်၊ ကျည်အိမ် ၂ ခု၊ ၉ မမကျည် ၁၆ တောင့်၊ လက်ပစ်ဗုံး ၃ လုံး၊ Remote လက်လုပ်မိုင်း ၃ လုံးတို့နှင့်အတူ ဖမ်းဆီးရမိခဲ့။**
- **UMCD နှင့် GOD အမည်ခံ အကြမ်းဖက်အဖွဲ့များသည် CRPH၊ NUG အကြမ်းဖက်အဖွဲ့များ၏ စေခိုင်းမှုဖြင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ အများပြည်သူနှင့် သက်ဆိုင်သောနေရာ ၇ နေရာတွင် အကြမ်းဖက်ဖောက်ခွဲမှုများပြုလုပ်ရန် စီစဉ်ထားရှိ။**
- **တရားခံ ဟိန်းထက်နိုင်တို့ ၃ ဦးသည် CRPH၊ NUG အကြမ်းဖက်အဖွဲ့များ၏စေခိုင်းမှုဖြင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ အများပြည်သူနှင့် သက်ဆိုင်သော နေရာ ၃ နေရာတွင် အကြမ်းဖက်ဖောက်ခွဲမှုများနှင့် မီးရှို့ဖျက်ဆီးမှုများ ပြုလုပ်ခဲ့။**

## သကြင်္န်ကာလအတွင်း ဖောက်ခွဲဖျက်ဆီးရေးဆောင်ရွက်မည့် UMCDနှင့် GOD အမည်ခံအကြမ်းဖက်အဖွဲ့မှ တရားခံများနှင့် ဆက်စပ်သူများအား ဖမ်းဆီးရမိမှု အခြေပြဇယား




### ဗဟန်းမြို့နယ်၊ ဆရာစံရပ်ကွက်၊ ကမ္ဘာအေးဘုရားလမ်းနှင့် စက်မှု(၁)လမ်းထောင့်၊ မြန်မာပလာဇာ၊ မြေညီထပ်ရှိ Harry’s Bar အား လက်ပစ်ဗုံးဖြင့် ပစ်ခတ်ဖောက်ခွဲခဲ့သည့် တရားခံများ၏ မှတ်တမ်းဓာတ်ပုံ


ခန့်ကြည်သာ(၂၅)နှစ်


ဟိန်းထက်နိုင်(၁၇)နှစ်


တင့်ထူးနိုင်(ခ)ဂူးဂူး(၁၈)နှစ်




အလုံမြို့နယ်၊ သခင်မြပန်းခြံအနီး၌ YBS ယာဉ် ၁ စီးအား မီးရှို့ဖျက်ဆီးခံခဲ့ရသည့် မှတ်တမ်းဓာတ်ပုံ




ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်ရှိ KBZ ဘဏ်ခွဲ(၃)မှ ATM စက် ၁ လုံးအား မီးရှို့ဖျက်ဆီးခံခဲ့ရသည့် မှတ်တမ်းဓာတ်ပုံ

## အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အကြမ်းဖက်လုပ်ရပ်များ အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများအား ဆက်လက်ဖော်ထုတ်အရေးယူ

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် လိုက်ပါမလုပ်ဆောင်ရန် တားမြစ်ထားသော်လည်း နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့ပြီး အကြမ်းဖက်လုပ်ရပ်များကို အားပေးလုပ်ဆောင်ခဲ့သဖြင့် တရားဥပဒေနှင့်အညီ ဖမ်းဆီးအရေးယူခြင်းများ ဆက်လက်ဆောင်ရွက်လျက်ရှိရာ–

- ဧပြီလ ၁၅ ရက်နှင့် ၁၆ ရက်တို့တွင် ရန်ကုန်တိုင်းဒေသကြီး၌ ၃ ဦး၊ ကရင် ပြည်နယ်၌ ၁ ဦးနှင့် မကွေးတိုင်းဒေသကြီး၌ ၁ ဦး စုစုပေါင်း ၅ ဦးတို့ကို ဖမ်းဆီးရမိခဲ့။
- ဇန်နဝါရီလ ၂၇ ရက်မှ ဧပြီလ ၁၆ ရက်ထိ စုစုပေါင်း ၂၆၈ ဦး အား ဥပဒေနှင့်အညီ အရေးယူထားပါသည်။

ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်ကာ ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်း သိရှိရပါသည်။

**(ကြေးမုံသတင်းစာ ၁၇-၄-၂၀၂၂)**

- **ဧပြီလ ၁၅ ရက်နှင့် ၁၆ ရက်တို့တွင် ရန်ကုန်တိုင်းဒေသကြီး၌ ၃ ဦး၊ ကရင်ပြည်နယ်၌ ၁ ဦးနှင့် မကွေးတိုင်းဒေသကြီး၌ ၁ ဦး စုစုပေါင်း ၅ ဦးတို့ကို ဖမ်းဆီး ရမိခဲ့။**
- **ဇန်နဝါရီလ ၂၇ ရက်မှ ဧပြီလ ၁၆ ရက်ထိ စုစုပေါင်း ၂၆၈ ဦးအား ဥပဒေနှင့်အညီ အရေးယူထားရှိ။**